G Lotus

# သမိုင်းစကား

မာကီ(ဧမျိုးဆက်)



# (၈) မျိုးဆက်ကျောင်းသားဆိုတာ



ကိုဖုန်းမော် နှစ်ပတ်လည်နေ့ ၊ ( ၁၃၊၃၊၁၉၉၆ )



NLD မှ ကျင်းပပြုလုပ်သည့် အခမ်းအနားတစ်ခုသို့ ၈၈ မျိုးဆက်ကျောင်းသားများ
တက်ရောက်ကြစဉ်

[illegible]



[illegible]



၂၉၊၁၁၊၂၀၀၅။ အမေလှုတော်ဒေါ်ဘမတ်၏ မွေးနေ့ပွဲတွင် တွေ့ဆုံရသော
ဆရာကြီး ဒေါက်တာသန်းထွန်းကို ဂါရဝပြုခဲ့ကြစဉ်



၃၀၊၁၁၊၂၀၀၅ နေ့ ဆရာကြီး ဒေါက်တာသန်းထွန်း၏ ရုပ်ကလာပ်ရှေ့တွင် လွမ်းသူ့ပန်းခွေချ
ဂါရဝပြုနေကြသော ၈၈ မျိုးဆက်ကျောင်းသားများ



၂၀၀၆ ခုနှစ်က ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ၅ ဦး ထပ်မံအဖမ်းခံနေရချိန် မင်းကိုနိုင်၏
မွေးနေ့ကို သူ့မိသားစုနှင့်အတူ ဝေဇယန္တာလမ်းနေအိမ်၌ ကျင်းပစဉ်



၂၀၀၆ခုနှစ်မှာ ကိုကိုကြီးတို့ ၅ယောက်အဖမ်းခံထားရချိန်၊ ကိုကိုကြီးရဲ့ မွေးနေ့အလှူကျွေးမွေးပြီး အမှတ်တရ



၂၀၊၂၊၂၀၀၇ နေ့ အမြဲရောင် တနင်္ဂနွေလှုပ်ရှားမှု ဒေါ်အောင်ဆန်းစုကြည်၏ မိသားစုတွေမျိုးများထံသို့

ကျွန်တော် တို့ အကျဉ်းကျနေစဉ်ကာလအတွင်း ၂၀၀၁-၂၀၀၅ ခုနှစ် တွေ ဟာ အပြင် လောကမှာ နိုင်ငံရေး မုန်တိုင်း အပြင်းထန်ဆုံးအချိန်လို့ ဆိုရလိမ့်မယ် ထင်ပါတယ်။ ဒေါ်အောင်ဆန်း စုကြည်ရဲ့ စည်းရုံးရေး ခရီးစဉ်တွေ အနှောင့်အယှက်ပေးခံရမှု ၊ အဟန့်အတားခံရမှု ၊ ဒီပဲယင်းလုပ်ကြံမှု ၊ မိုလ်ချုပ်ကြီးခင်ညွန့်နဲ့ အပေါင်းအပါတွေ အဖမ်းဆီးခံရမှု ။ ပြီးတော့ အကြိမ်ကြိမ် ထုတ်ပြန်ကြေညာခဲ့တဲ့ အကျဉ်းကျခံနေရသူတိုင်း အတောင့်တဆုံး ဖြစ်တဲ့ နိုင်ငံတော် လွတ်ငြိမ်းချမ်းသာမှု တွေ ...။

အပြင်လောကမှာ အဲဒီ လို နိုင်ငံရေး မုန်တိုင်းတွေ ပြင်းထန်လေ ကျွန်တော် တို့ နိုင်ငံရေး အကျဉ်းသားတွေ အဖို့ ရင်ခုန်စိတ်လှုပ်ရှားရလေ။ မိုးသက်မုန်တိုင်းတွေ မည်သည့်ဘက်က တိုက်ခတ်သည် ဖြစ်စေ၊ ကောင်းသည် ဖြစ်စေ၊ ဆိုးသည် ဖြစ်စေ ကျွန်တော် တို့လို 'ငြိမ်သက်ခြင်းနှင့် မကြုံကြိုက် လိုသူများ ' အဖို့တော့ ရင်ခုန်စရာတွေ ချည်းပါပဲ။ အရင်အမျိုး သား ထောက်လှမ်းရေး အဖွဲ့ NIB ရဲ့ မလျော်မကန် အရေး ယူခြင်း ခံထားရသူတွေ ကို ပြန်လွှတ်ပေးမယ်ဆိုတဲ့သတင်း ကတော့ ကျွန်တော် တို့အတွက်

ရင်အခုန်ရဆုံးပါ။ လပိုင်းသာခြား၊ တစ်ခါတလေ ရက်ပိုင်းသာခြားပြီး အကျဉ်းသားတွေ ကို ထောင်သော င်းချီလွှတ်ပေးတယ်။ ဘယ်သူတွေ များ လွှတ်ကြမလဲ။ ငါတို့ မြစ်ကြီးနားထောင်ကကော ဘယ်သူတွေ များ ပါမလဲ။ ကိုယ်တိုင်ကော ပါနိုင်သလား စသဖြင့် စသဖြင့် စိတ်လှုပ်ရှားကြရပါတယ်။

၂၀၀၄ ခုနှစ် နှောင်းပိုင်းမှာ ကျောင်းသားခေါင်းဆောင် မင်းကိုနိုင် ထောင်သက် ၁၄ နှစ် နဲ့လွှတ်တယ်။ ကိုဌေးကြွယ်လည်း မင်းကိုနိုင်နဲ့ မရှေးမနှောင်းမှာ လွှတ်တယ်။ မင်းဇေယျကတော့ ထောင်သက် ၇ နှစ် နဲ့ ၁၉၉၅ ခုနှစ် လောက်ကတည်းက လွှတ်နေပြီးသား။ ၂၀၀၅ ခုနှစ် နှစ် ဆန်းပိုင်းမှာ တော့ ကိုကိုကြီး လွှတ်တယ်။ ဗကသ၊ မကသ ကျောင်းသားခေါင်းဆောင် ထိပ်သီးပိုင်းတွေ လွှတ်ပြီးဆိုတော့ နိုင်ငံရေး အကျဉ်းကျခံနေရတဲ့ ကျွန်တော် တို့လို ကျောင်းသားတွေ က ပိုပြီးရင်ခုန်စိတ်လှုပ်ရှားရပါတယ်။ ကိုယ်လွှတ်မြောက်ချင်တဲ့စိတ်ထက် သူတို့တွေ အပေါ် အထင်ကြီး လေးစား အားထားတဲ့ စိတ်ကြောင့် ပါ။

အီလည်လည် ဖြစ်နေတဲ့ မြန်မာ ဒီမိုကရေစီအရေး ပြန်လည်နိုးထလာလိမ့်မယ်လို့လည်း မျှော်လင့်မိတယ်။ ပြီးတော့ သူတို့တစ်တွေ ရဲ့ ရေဒီယို တွေ ့ဆုံမေးမြန်းခန်းတွေ ကိုလည်း နားထောင်ရတယ်။ ထောင်ထဲမှာ ရေဒီယိုအစုတ်ကလေး တစ်လုံးနဲ့ ခိုးဝှက်ပြီး နားထောင်ရတာ ပါ။ ညမှာ နားထောင်ဖို့ အလှည့်ကျတဲ့သူက နားထောင်။ မျက်စိကိုဖွင့် နားကိုစွင့်ပြီး ကင်းစောင့်ပေးတဲ့သူက စောင့်ပေး။ မနက်ကျတော့ ကျန်တဲ့သူတွေ ကို ပြန်ပြောပြ။ ဒါကြောင့် BBC, VOA, DVB, RFA ဆိုတဲ့ ပြည်ပ အသံလွှင့်ဌာနတွေ က လွှင့်သမျှ သူတို့ရဲ့ အသံတွေ ကို နေ့စဉ်လိုလို ကျွန်တော် တို့ နားထောင်ခဲ့ရတယ်။ အပြင်လောက နိုင်ငံရေး လှုပ်ရှားမှု အတွေ ့အကြုံထက် အကျဉ်းထောင်တွင် း နိုင်ငံရေး အကျဉ်းသား အ ဖြစ်ဖြတ်သန်းမှု အတွေ ့အကြုံကသာ ပိုများ ပေမယ့် သူတို့တစ်တွေ ဟာ နိုင်ငံရေး မသေဆုံးခဲ့ပါဘူး။ နိုင်ငံရေး အချဉ်မပေါက်ခဲ့ကြပါဘူး။ သူတို့ရဲ့ အတွေ းအခေါ် အယူအဆတွေ ဟာ လက်ရှိနိုင်ငံရေး ဖြစ်စဉ် တွေ နဲ့ ကွင်းဆက်ပြတ်မ သွားပါဘူး။ ကမ္ဘာ့နိုင်ငံရေး စီးကြောင်းနဲ့လည်း မျက်ခြေမပြတ်ခဲ့ကြပါဘူး။

ပိုမိုရင့်ကျက်လာကြပြီး ရှင်းလင်းပြတ်သားမှု ရှိတဲ့ သူတို့ရဲ့ စကားသံတွေ ကို ကျွန်တော် တို့ နေ့စဉ်လိုလို အားပါးတရ နားထောင်ခဲ့ကြရတယ်။ ကျွန်တော် ကျေနပ်အားရမှု အ ဖြစ်ဆုံး ကတော့ ဗကသ၊ မကသ ရယ်လို့ အစဉ်အလာ အရိုးစွဲနဲ့ ဘယ်တုန်းကမှ အစေးမကပ်ခဲ့ဖူးသူတွေ ဟာ အခုတော့ '၈၈ မျိုး ဆက်ကျောင်းသားများ ' ဆိုပြီး တစ်သွေးတည်း၊ တစ်သားတည်း၊ တစ်သံတည်း ဖြစ်လာကြတာပါပဲ။ ကျွန်တော် မှတ်မိသလောက်တော့ '၈၈ မျိုး ဆက် ကျောင်းသားများ ' ဆိုတဲ့ အသံကို စကြားမိတာ ၂၀၀၅ ခုနှစ် ၊ မတ်လ ၁၆ ရက်နေ့ ၁၇ နှစ် မြောက် တံတားနီ နှစ် ပတ်လည်နေ့မှာ ပါ။ အဲဒီ နေ့မှာ သူတို့ အားလုံးရဲ့ တွေ့ဆုံမေးမြန်းခန်းတိုင်းမှာ ဒီဝေါဟာရကို သူတို့တစ်တွေ ကျက်သရေရှိရှိ မြွက်ဟ သွားကြတယ်။ နောက်တော့ နှစ် ၆၀ ပြည့် ဖက်ဆစ်တော် လှန်ရေး နေ့မှာ ၈၈ မျိုး ဆက် ကျောင်းသားများ အ ဖြစ် တစ်စုတစ်ဝေးတည်း ထွက်ပေါ်လာခဲ့ကြတယ်။ ၂၇-၃-၂၀၀၅ နေ့ NLD နဲ့ ဝါရင့် နိုင်ငံရေး သမားကြီးတွေ ကြီးမှူး ကျင်းပတဲ့ ဖက်ဆစ်တော် လှန်ရေး နေ့ အခမ်းအနား နှစ် ခုစလုံးကို သူတို့တစ် တွေ တက်ရောက်ခဲ့ကြတယ်။ သူတို့တတွေ ရောက်ရှိလာတဲ့အခါမှာ အခမ်းအနားကို ရောက်နှင့် နေကြတဲ့ အင်အားစုတွေ အားလုံးက ဝမ်းသာလှိုက်လှဲစွာ လက်ခုပ်လက်ဝါးတီးပြီး ဂုဏ်ပြုကြိုဆိုကြတဲ့ အသံကို ရေဒီယိုအစုတ်လေးကနေတစ်ဆင့် တိုက်ရိုက်ကြားသိရတဲ့ ကျွန်တော် ကြက်သီးဖြန်းဖြန်းထ ကြည်နူးပီတိ ဖြစ်ခဲ့ရပါတယ်။ မျက်ရည်ရစ်ဝဲ ရင်ထဲဆို့နှင့်ရအောင် လှိုက်လှဲဝမ်းသာ ဖြစ်ခဲ့ရပါတယ်။

အဲဒီ နောက်ပိုင်းမှာ လည်း ၈၈ မျိုး ဆက် ကျောင်းသားများ ဆိုတဲ့ အမည် နာမနဲ့ပဲ သူတို့တစ်တွေ ရဲ့ လှုပ်ရှားမှု တွေ ကို ခပ်စိပ်စိပ်လေး ကြားသိလာရပါတယ်။ ကြားသိရသမျှတိုင်းကိုလည်း ကျွန်တော် သာမက မြစ်ကြီးနား အကျဉ်းထောင်တိုက်ထဲမှာ ရှိတဲ့ နိုင်ငံရေး အကျဉ်းသားအားလုံးက အားရကျေနပ်ခဲ့ ကြပါတယ်။ အကျဉ်းကျနေ့ရက်တွေ မှာ တတိတိနဲ့ ထိပါးပွန်းရှခံခဲ့ရတဲ့ ကျွန်တော် တို့ရဲ့ ကိုယ်စိတ် နှစ် ပါး ခွန်အားတွေ လည်း ပြန်လည် လန်းဆန်းလာကြရပါတယ်။ ဒီပဲယင်း ဖြစ်ရပ်ဆိုးကြောင့် ညှိုး ချုံး ခဲ့ရတဲ့ စိတ်ဓာတ်ခွန်အားတွေ လည်း မျှော်လင့်ချက် အသစ် အသစ်တွေ နဲ့ ပြန်လည်နိုးထ

ရှင်သန်လာခဲ့ ကြပါတယ်။ သူတို့တွေ ရဲ့ လှုပ်ရှားမှု တိုင်းကို ကြားသိနေရတဲ့ကျွန်တော် ၊ ကြားသိရသမျှတိုင်းကိုလည်း အားရကျေနပ်နေမိတဲ့ ကျွန်တော် .... မြစ်ကြီးနား အကျဉ်းထောင်ထဲမှာ ပဲ သန္နိဋ္ဌာန်ချလိုက်မိပေသည်။

ဒီလိုယုံကြည်ချက်အခံနဲ့ပဲ အပြင်မှာ ရှိတဲ့ ၈၈ မျိုး ဆက်ကျောင်းသားတွေ ဆီကို ကျွန်တော် စာတစ်စောင် ရေး ပြီး ပို့ခဲ့ပါတယ်။

1.4.05

ကိုမင်းကိုနိုင် + ကိုမင်းဇေယျ + ကိုကိုကြီး + ကိုငွေးအောင် + ...

အခုလို တိုင်းပြည်အတွက် အရေး တကြီး လိုအပ်နေချိန်မျိုး မှာ ခင်ဗျားတို့တစ်တွေ ဆက်ပြီးလှျောက်လှမ်းနေကြတာ၊ ရင့်ကျက်မှု ရှိလာကြတာ၊ တညီတညွတ်တည်း ရှိနေကြတာတွေ ကို ကြားသိရတဲ့အတွက် ကျွန်တော် တို့တစ်တွေ အလွန်ပဲ အားရကျေနပ်မိကြပါတယ်။ လက်ရှိနိုင်ငံရေး ပြဿ နာတွေ အတွက်လည်း မျှော်လင့်ချက်တွေ မြင့်မားလာရပါတယ်။ အကျဉ်းကျခံနေရတဲ့ ကျောင်းသား တစ်ယောက် အနေနဲ့ ခင်ဗျားတို့အတွက် ကျွန်တော် ဘယ်လောက် ဝမ်းမြောက်ဂုဏ်ယူမိတယ် ဆိုတာ ပြောမပြတတ်အောင်ပါဘဲဗျာ။ အဲဒီ ဝမ်းမြောက်ဂုဏ်ယူစိတ်တွေ ကြောင့် ပဲ ဒီစာကို ကျွန်တော် အရဲစွန့်ပြီး တရားမဝင် ရေး လိုက်ရတာ ပါ။

အမှန်ဆိုရင် ကျွန်တော် ကိုယ်တိုင်ကလည်း တိုက်မယ် ခိုက်မယ်၊ ပြတ်ပြတ်သားသား အနိုင်ယူပစ်မယ်ဆိုတဲ့ အစားထဲကဗျ။ စစ်အစိုးရအပေါ်မှာ နည်းနည်း လေးမှကို သင်ပုန်းမချေချင်တဲ့သူ။ ဘယ်လို စေ့စပ်မှု မျိုး နဲ့မှ မကျေအေးချင်တဲ့ သူ တစ်ယောက် ပါ။ အဲဒီ အတွက်လည်း အရင်းအနှီးတွေ အများ ကြီးပေးဆပ်ခဲ့ရတယ်ဗျာ။ မီးပြင်းပြင်းတွေ ကြောင့် သံမဏိလို ပိုမာကျောလာရတာ လည်းရှိခဲ့။ အရည်ပျော်ကျလုမတတ် ခံစားရတာ တွေ လည်း ကြုံခဲ့။ ကိုယ်နေရပြီးတဲ့ သက်တမ်းရဲ့ လေးပုံ တစ်ပုံကျော်ကျော် အရှင်လတ်လတ် အမြုပ်ခံနေရတာ ထက် ဘယ်တော့မှ ပြန်လည် မရရှိနိုင်တော့တဲ့ ကျောင်းသားလူငယ်ဘဝအတွက် ယူကျုံးမရလည်း ဖြစ်ခဲ့။ ဘာပဲ ဖြစ် ဖြစ် အဲဒီ ပေးဆပ်ခဲ့ရမှု

တွေ က ကျွန်တော့်ရဲ့ စိတ်သဘောထားနဲ့ ခံယူချက်တချို့ ကို အထိုက်အလျောက်တော့ ပြောင်းလဲ ရင့်ကျက်စေခဲ့တယ်လို့ ထင်ပါတယ်ဗျာ။ အဲဒါကြောင့် ပဲ ကျွန်တော် တို့ တိုင်းပြည်ရဲ့ လက်ရှိနိုင်ငံရေး ပြဿနာတွေ ကို လက်နက်ကိုင်နည်းလမ်းနဲ့ မဖြေရှင်းနိုင်ဘူးလို့ ယုံကြည်လာခဲ့တယ်။ ကျွန်တော် တို့ရဲ့ ဒီမိုကရက်တစ် လှုပ်ရှားမှုကို စစ်တပ်က အပြီးတိုင် ဖြိုခွဲလို့ မရနိုင်သလို စစ်တပ်ရဲ့ အခန်းကဏ္ဍကိုလည်း ကျွန်တော် တို့တစ်တွေ အကြွင်းမဲ့ ဖယ်ရှားဖို့ မ ဖြစ်နိုင်သေးဘူးဆိုတာ ယုံကြည်လာခဲ့တယ်။ ဒါကြောင့် တွေ့ဆုံဆွေးနွေးရေး ဆီ ဦးတည်တဲ့ ဘယ်လိုကြိုး ပမ်းမှု မျိုး ကို မဆို ကျွန်တော် ထောက်ခံတယ်ဗျာ။

ဘယ်လိုနည်းလမ်းတွေ က အကောင်းဆုံး ဖြစ်မယ်ဆိုတာကိုတော့ အခုလက်ရှိ အပြင်မှာ ရှိနေကြတဲ့ အပြင် အစစအရာရာ ကျွန်တော့် ထက် သာလွန်ထက်မြက်တဲ့ ခင်ဗျားတို့ကသာ အဓိက စဉ်းစားဆုံး ဖြတ်ရမှာ ပါနော်။

လက်ရှိနိုင်ငံရေး ပြဿနာတွေ ကြားထဲမှာ 'ကျောင်းသားကဏ္ဍ' က အားသာချက်တွေ အများ ကြီးရှိနေတယ်လို့ ထင်တယ်။ ပါတီအဖွဲ့အစည်းတွေ နဲ့ နိုင်ငံရေး သမားတွေ အားလုံးလိုလိုအပေါ်မှာ စစ်အစိုးရက မြန်မာအသိ၊ ကမ္ဘာသိ ရစရာမရှိအောင် ပြောထားဖူးပေမယ့် ကျောင်းသားတွေ အပေါ်မှာ တော့ (ထောင်ချခါမှ ချရောပေါ့) သိပ်ပြီးပြင်းပြင်းထန်ထန်ကြီး ပြောတာမျိုး မရှိခဲ့ဖူးဘူး။ ဒါကြောင့် စစ်အစိုးရအနေနဲ့ အခြားနိုင်ငံရေး အင်အားစုတွေ အပေါ် အပြုသဘောတုံ့ပြန်ဖို့ အခက်အခဲ ဖြစ်နေရမှာ ပါ။ ပြောထားခဲ့တာတွေ ကလည်း အလွန်အကျွံကိုး။ ဒါကြောင့် ဒီဆက်ထုံးတွေ ကြားထဲမှာ 'ကျောင်းသားဆိုတဲ့ ရပ်တည်ချက်' က ဖြေလျှော့မှု တစ်ခု ဖြစ်နိုင်ကောင်းပါရဲ့ ဗျာ။

ဒီတော့ စစ်အစိုးရအပါအဝင် ကွဲပြားခြားနားနေတဲ့ နိုင်ငံရေး အဖွဲ့အစည်းတိုင်းအပေါ်မှာ ခင်ဗျားတို့တစ်တွေ ထိတွေ့ဆက်ဆံမှု များများ ရှိနေစေချင်တယ်။ အထူးသဖြင့် စစ်အစိုးရနဲ့ အပြန်အလှန် နားလည်မှု များများ ရစေချင်တယ်။ ဖြစ်နိုင်ရင် တိုင်းရင်းသားအစု အဖွဲ့တွေ နဲ့လည်း ထိတွေ့မှု ရှိစေချင်တယ်။ လောလောဆယ်မှာ တော့ အပေါင်းလက္ခဏာတွေ ရဖို့ သိပ်ဆန္ဒမစောဘဲ အနုတ်လက္ခဏာတွေ ဖြစ်မလာအောင်လည်း ကြိုး စားပြီး ထိန်းသိမ်းကြစေချင်တယ်။ အဲဒီ အစွန်းနှစ် ဖက်လွတ်ဖို့ရာ မလွယ်ပေမယ့်

အဲဒါကပဲ ခင်ဗျားတို့ရင်ဆိုင်ရမယ့် 'အဓိက စိန်ခေါ်မှု ' ဖြစ်နေမှာ ပါ။ ဒါပေမဲ့ သဘောထားကြီးမြင့်မှု ၊ ရင့်ကျက်မှု ၊ ညီညွတ်မှု စတာတွေ အပိုဆောင်းပါဝင်လာတဲ့ ခင်ဗျားတို့ရဲ့ အရည်အချင်း ကို ကျွန်တော် ယုံကြည်တယ်ဗျာ။ အဲဒီ စိန်ခေါ်မှု ကို ခင်ဗျားတို့တစ်တွေ ပြေလည်အောင် စွမ်းဆောင် နိုင်ကြလိမ့်မယ်လို့ ကျွန်တော် ယုံကြည်ပါတယ်။ ဒါပေမဲ့ဗျာ ဒီကြားထဲကမှ ထပ်မံ တားမြစ်ဖမ်းဆီးခြင်း ခံကြရဦးမယ် ဆိုရင်တော့လည်း ကျွန်တော် တို့ တိုင်းပြည်ရဲ့ ကံကြမ္မာလို့ပဲ ကြေကွဲစွာ ဆိုပါရစေတော့။

အရေး ကြီးတာတစ်ခု ရှိသေးတယ်ဗျ။ ခင်ဗျားတို့လည်း ကြုံတွေ့နေရလိမ့်မယ်လို့ ထင်ပါတယ်။ ဘာလဲဆိုတော့ နိုင်ငံရေး သမား တော် တော် များများ က 'တွေ့ဆုံဆွေးနွေးရေး ' ဆိုပြီး ပြောပြောနေကြပေမယ့် တကယ့်လက်တွေ့မှာ တော့ တွေ့ဆုံဆွေးနွေးရေး ဆိုတာကို အသေအချာ နားမလည်နိုင်ကြသေးဘူး၊ လက်မခံနိုင်ကြသေးဘူးလို့ ထင်တယ်။ ဒါကျွန်တော် ကြုံဆုံရဖူးသမျှ နိုင်ငံရေး သမား အများစုဆီမှာ မြင်တွေ့နေရတာ မို့ အလေးအနက် ထားမိတာပါ။ ' စစ်အစိုးရ အကျပ်တွေ့ နေပြီ၊ အာဏာမလွှဲလို့ မရတော့ဘူး' ဆိုတဲ့ အတွေးတွေ နဲ့ 'တွေ့ဆုံဆွေးနွေးရေး ဆိုတာ ငါတို့ အနိုင်ရတာ ပဲ' လို့ထင်နေကြတယ်။ ဘယ်သူ့ဘယ်သူအပေါ်မှာ မှ ပြတ်သားတဲ့ အောင်မြင်မှု မရနိုင်လို့ အငြိမ်းချမ်းဆုံး ဖြစ်စေဖို့ တွေ့ဆုံဆွေးနွေးရေး နည်းလမ်းကို ရွေးချယ်ရတာ ပဲ မဟုတ်လားဗျာ။ အသွင်ကူးပြောင်းရေး ကာလတစ်ခုကို မ ဖြစ်မနေ ဖြတ်သန်းကြမဖို့၊ အပေးအယူ အလျှော့အတင်း (Bargain) လုပ်ကြဖို့ ဆွေးနွေးမိရင်ပဲ ကိုယ့်အချင်းချင်းထဲမှာ တောင် မခေါ်နိုင် မပြောနိုင် ဖြစ်လေ့ရှိကြတယ်။ သွေးဖည်ရေး သမားလိုလို၊ ဖောက်ပြန်ရေး သမားလိုလို အထင်ခံရလေ့ရှိတယ်။ ဒီလိုသဘောထား ခံယူချက်တွေ နဲ့ ဘယ်လိုလုပ်ပြီး စစ်အစိုးရနဲ့ တွေ့ဆုံဆွေးနွေးနိုင်မှာ လဲဗျာ။ ကိုယ့်ဘက်က ခိုင်မာတဲ့ အခြေခံမူတွေ ၊ ဘောင်တွေ ထားရှိရမှာ ဖြစ်သလို လက်တွေ့ကျတဲ့ အလုပ် ဖြစ်မယ့် ပြုလွယ်ပြင်လွယ် သဘောထားတွေ လည်း ရှိထားသင့်တာပေါ့ဗျာနော်။ စစ်အစိုးရက ကိုယ့်ကို စားပွဲဝိုင်းဆီ ဖိတ်ခေါ်ပြီး အသာတကြည် အာဏာလွှဲပေးမယ့် တွေ့ဆုံဆွေးနွေးမှု မျိုး ကိုသာ ယုံကြည်မျှော်လင့်သူ များ နေရင် တော့လည်း ကျွန်တော် တို့ တိုင်းပြည်ရဲ့ ကံကြမ္မာပါပဲလို့

ထပ်ပြီး ကြေကွဲစွာ ဆိုရဦးမှာ ပါဗျာ။

နောက်ဆုံးအနေနဲ့ ကျွန်တော် ပြောချင်တာ ကတော့ အကျဉ်းကျခံနေရတဲ့ ကျွန်တော် တို့အရေး အတွက် နောက်ဆံမတင်းဘဲ ခင်ဗျားတို့ လုပ်စရာရှိတာတွေ ကိုသာ အားသွန်ပြီး လုပ်ပါ။ ခင်ဗျားတို့တစ်တွေ သာ ညီညီညွတ်ညွတ်နဲ့ ရှိနေမယ်ဆိုရင် ခင်ဗျားတို့ ချမှတ်ဆောင်ရွက်မယ့် ဘယ်လိုဆုံးဖြတ်လုပ်ကိုင်မှု မျိုး ကို မဆို ကျွန်တော် အပြည့်အဝ ထောက်ခံနေမယ်ဗျာ။ အခုလို အခြေအနေမျိုး မှာ ပြည်ပထွက်ပြီး လုပ်တာမျိုး ကိုတော့ ကျွန်တော် လုံးဝသဘောမတူနိုင်ပါဘူး။ ပြည်ပက ကိုယ့်ရဲဘော်တွေ ကိုတော့ လေးစားပါတယ်။ ဒါပေမဲ့ ပြည်တွင်းမှာ က ပိုမိုလိုအပ်နေတယ်လို့ ထင်လို့ပါ။ပြီးတော့ ခင်ဗျားတို့အတွက် အဆင်ပြေမယ်ဆိုရင် ကျွန်တော် တို့ ရဲဘော် တစ်ယောက် ဖြစ်တဲ့ ၈၈ မျိုး ဆက်ကျောင်းသားလည်း ဖြစ်သူ ကိုကျော်သောင်း (သတ္တဗေဒ၊ မဟာသိပ္ပတန်း) ကိုလည်း လက်တွဲ ခေါ်ယူပါလို့ တိုက်တွန်းပါရစေ။

ယုံကြည်လေးစားစွာ ဖြင့်

မာကီ

မြစ်ကြီးနားအကျဉ်းထောင်

ကချင်ပြည်နယ်။

( ဖြစ်ချင်တော့ အဲဒီ စာက ကျွန်တော် လွတ်မြောက်တဲ့နေ့ကျမှပဲ မင်းကိုနိုင်ရဲ့ လက်ထဲကို ရောက်ရပါတယ်။ သည့်အတွက် တာဝန်ပျက်ကွက်တဲ့ သူငယ်ချင်းကို မေတ္တာကောင်းကောင်းပို့ပစ်လိုက်ပါတယ်။)

ဒီလိုနဲ့ပဲ ၂၀၀၅ ခုနှစ် ၊ ဇူလိုင်လ ၃ ရက်နေ့စွဲနဲ့ ထုတ်ပြန်တဲ့ ပြည်ထဲရေး ဝန်ကြီးရဲ့ လွတ်ငြိမ်းချမ်းသာခွင့်အရ ကျွန်တော် တို့ မြစ်ကြီးနားထောင်က ဦးစိန်လှဦး၊ ဒေါက်တာခင်ဇော်ဝင်း၊ ဦးကျော်ငြိမ်း (ဟိုပင်) ၊ ကိုအောင်နိုင်ဦး (မဟာသိပ္ပံသတ္တဗေဒ) နဲ့ ကျွန်တော် တို့ ၅ ယောက် လွတ်မြောက်ကြပါတယ်။ ကျွန်တော် တို့ကို လွှတ်ပေးတာ ကတော့

၇ ရက်နေ့မှာ ပါ။ အခုလို လွှတ်ငြိမ်းချမ်းသာခွင့်နဲ့ အကျဉ်းသားတွေ လွှတ်ပေးရာမှာ ဘယ်လိုမူဝါဒတွေ ၊ စံနှုန်းသတ်မှတ်ချက်တွေ ရှိတယ်ဆိုတာတော့ ရှင်းရှင်းလင်းလင်း မသိရပါဘူး။ နောက်နောင် နိုင်ငံရေး မလုပ်တော့ပါဘူးဆိုတဲ့ ခံဝန်မျိုး လက်မှတ်ထိုးစရာ မလိုဘူးဆိုတာနဲ့တင် ကျွန်တော် တို့ သဘောတူ လက်ခံပြီး အိမ်ပြန်ခဲ့ကြတာပါပဲ။ အဲဒီ ကာလက ခပ်စိပ်စိပ်ပေးတဲ့ လွှတ်ငြိမ်းချမ်းသာခွင့်ဆိုတာ တွေ ဟာ ရိုးသားမှု မရှိဘူးလို့တော့ စကတည်းက ကျွန်တော် တို့ နားလည်ထားပါတယ်။ နိုင်ငံတကာ မျက်နှာစာမှာ မျက်နှာသာရအောင် ဟန်ပြလုပ်ခဲ့တာချည်းပဲလို့ မြင်ပါတယ်။ သူတို့ပြောတော့ ပြည်ပအားကိုး ပုဆိန်ရိုးတို့၊ အနောက်မျှော်ဝါဒီတွေ တို့ .... လက်တွေ့ကျတော့ သူတို့ကိုယ်တိုင်ပဲ ဖြစ်နေကြတာ။ မစ္စတာ ပီနဲရိုးလာလို့ လွှတ်ရတာ နဲ့ ...၊ မစ္စတာ ရာဇာလီ လာလို့ လွှတ်ရတာ နဲ့ ၊ ကုလသမဂ္ဂညီလာခံနီးလို့ လွှတ်ရတာ နဲ့ ...။ လွှတ်တော့လည်း နိုင်ငံတကာတောင်းဆိုနေတဲ့ နိုင်ငံရေး အကျဉ်းသားက ပါတယ်ဆိုရုံနဲ့ သာမာန်ရာဇဝတ် အကျဉ်းသားတွေ ကိုသာ ထောင်သော င်းချီပြီး လွှတ်ပေးခဲ့တာပါ။ ထူးဆန်းတာ ကတော့ ကျွန်တော် တို့ လွှတ်တဲ့အသုတ်က အရေအတွက် အနည်းဆုံး။ တစ်နိုင်ငံလုံးမှ သုံးရာကျော်ပဲလား ရှိတယ်။ ဒါပေမဲ့ အားလုံးက နိုင်ငံရေး အကျဉ်းသားတွေ ချည်း ဖြစ်ပြီး အများ စုက လည်း ကျောင်းသားလူငယ်တွေ ။

၆-၇-၂၀၀၅ နေ့ မနက် ၉း၃၀ နာရီလောက်မှာ ကျွန်တော် တို့ လွှတ်သူ ၅ ယောက် ကိုမြစ်ကြီးနားထောင်ကနေ လာခေါ်တယ်။ မြစ်ကြီးနားဘူတာရုံနားက တည်းခိုခန်းတစ်ခုရဲ့ ဧည့်ခန်းမှာ ကျွန်တော် တို့ကို ခဏထားတယ်။ မန္တလေးရထားက ညနေ ၆း၃၀ နာရီလောက်မှ ထွက်မှာ ဆိုတော့တစ်နေကုန်လိုလို အဲဒီ နေရာမှာ ပဲ စောင့်နေရမယ့်သဘော။ ကျွန်တော် တို့ကို လာလွှတ်ပေးတဲ့ အဖွဲ့အစည်းတွေ က သူတို့ရဲ့ ဌာနဆိုင်ရာ လုပ်ထုံးလုပ်နည်းတွေ အရ ကျွန်တော် တို့ကို လာလွှတ်ပေးတဲ့ တစ်ယောက် ချင်း မေးမြန်း၊ ရေး ဖြည့် စတာတွေ ဆက်လုပ် နေကြတုန်းဆိုတော့ ကျွန်တော် တို့မှာ ထောင်က လွှတ်လာတယ်သာဆိုရတယ်၊ ဒီအခန်းကျဉ်းလေးထဲမှာ အကျယ်ချုပ်နဲ့ ဆက်နေရတဲ့ သဘော ဖြစ်နေတာပါ။ ကျွန်တော် ကတော့ တည်းခိုခန်းအပြင်ဘက်ကို ထွက်၊ ဟိုနား ဒီနား

လျှောက်ပြီး ဆိုင်းဘုတ်တွေ လျှောက်ဖတ်နေသလိုလို၊ ကွမ်းယာဆိုင်ပဲ ရှာသလိုလိုနဲ့ တယ်လီဖုန်းရှိတဲ့ ဆိုင်ဘက်ကို လစ်ထွက်ခဲ့တယ်။ ပြီးတော့ မြစ်ကြီးနား NLD လူငယ်အဖွဲ့ဝင် ဖြစ်တဲ့ မထွေးထွေးတို့ဆီကို လှမ်းဆက်သွယ်အကြောင်းကြားတယ်။ ကျွန်တော် တို့ လွတ်လာပြီဆိုတော့ သူတို့မှာ လည်းယုံတစ်ဝက် မယုံတစ်ဝက်နဲ့ ဝမ်းသာလုံးတွေ ဆို့လို့၊ ဖုန်းဆက်လို့ရပြီဆိုတော့ ကျွန်တော် က တည်းခိုခန်းထဲမှာ ဣန္ဒြေနဲ့ ပြန်ထိုင်ရင်း မထွေးထွေးတို့အလာကို စောင့်နေလိုက်တယ်။ မကြာပါဘူး ။ မထွေးထွေး စက်ဘီးတစ်စီးနဲ့ ရောက်လာ၊ ကျွန်တော် တို့ တစ်တွေ ကို ဝမ်းသာအားရနဲ့ နှုတ်ဆက်၊ သူတို့အိမ်ကို အလည်ခေါ်။ တာဝန်ရှိသူတွေ ခမျာ အောင့်သက်သက်နဲ့ပဲ ခွင့်ပြုလိုက်ရတယ်။ ကျွန်တော် တို့ မိသားစုတွေ ထောင်ဝင်စာ လာတွေ့ကြတဲ့ အခါတိုင်းမှာ လည်း မထွေးထွေးတို့ မိသားစုနဲ့ ဆက်သွယ်ပြီး အကူအညီတွေ ရယူခဲ့ကြရတာ ပေါ့။ ထောင်ဝင်စာမှာ ပေးဖို့အတွက် သူတို့အိမ်မှာ ပဲချက်ပြုတ်ကြော်လှော်ပေါ့။ သူတို့က အစ္စလာမ်ဘာသာဝင် မိသားစုတွေ ပါ။ တစ်မိသားစုလုံး နိုင်ငံရေး မှာ အလွန်ရိုးသားစွာ ၊ အလွန်တက်ကြွစွာ ပါဝင်လှုပ်ရှားနေကြသူတွေ ပါ။ နိုင်ငံရေး အကျဉ်းသား မိသားစုတွေ ကိုလည်း ကူညီထောက်ပံ့နေကြသူတွေ ပါ။ ကျွန်တော် တို့ ထောင်ထဲ ရှိစဉ်တစ်လျှောက်လုံးမှာ လည်း အပြင်ကနေ လိုလေသေးမရှိ ကူညီပေးခဲ့ကြသူတွေ ပါ။ အဲဒီ နေ့ ကတော့ မထွေးထွေးတို့အိမ်ရောက်တယ်။ ဦးမရမ်ဘောက်လာရဲ့ အိမ်ကို ရောက်တယ်။ (ဦးမရမ်းဘောက်လာက မြစ်ကြီးနားထောင်ထဲမှာ အချုပ်ဘဝနဲ့ ကျွန်တော် တို့နဲ့အတူ နေခဲ့ရဖူးတယ်။) သူတို့ရဲ့ အိမ်တွေ ကနေပဲ ရေဒီယိုအင်တာဗျူး တွေ လည်း ပြော ဖြစ်ခဲ့တယ်။ ကိုယ်တစ်လျှောက်လုံးနားထောင်လာရတဲ့ ရေဒီယိုမှာ ကိုယ်က ပထမဆုံးပြောသူ ဖြစ်ဖူးတာပါ။ ရေဒီယို အင်တာဗျူး ၊ တစ်ခုမှာ ကျွန်တော် ပြောလိုက်မ တာက 'ကျွန်တော် မိသားစုဟာ ရန်ကုန်မှာ နေတဲ့အကြောင်း၊ အခုတော့ အရင်အိမ်ကနေ ပြောင်းသွား ပြီလို့ သိရကြောင်း၊ ဘယ်ကို ပြောင်းရွှေ့သွားတယ်ဆိုတာ မသိရသေးတဲ့အတွက် ရန်ကုန်ရောက်မှရှာဖွေရမှာ ဖြစ်တဲ့အကြောင်း ....' ဒီသတင်းကို ကိုပေါ်က ကြားမိတော့ သနားသွားတယ် ထင်ပါရဲ့ ။သူ့မိတ်ဆွေတစ်ချို့ ကို အကူအညီတောင်းပြီး ကျွန်တော့် ကို ရန်ကုန်ဘူတာကြီးမှာ သွားကြိုခိုင်းတယ်။သူ ကတော့ အဲဒီ နေ့ မနက်မှာ ပဲခူးသွားရမှာ မို့

ဘူတာကြီးအထိတော့ လိုက်မလာနိုင်ဘူး။ ကျွန်တော် တို့ မြစ်ကြီးနားက ပြန်လာတော့ မန္တလေးမှာ တစ်ည အိပ်ရတယ်။ လမ်းတစ်လျှောက်က မြို့ တွေ ၊အထူးသဖြင့် မိုးကောင်းနဲ့ ရွှေဘိုမြို့ တွေ က နိုင်ငံရေး အင်အားစုတွေ က ဘူတာမှာ လာစောင့်ပြီး ဆီးကြို နှုတ်ဆက်ကြတယ်။ လက်ဆောင်တွေ ပါးကြတယ်။ လမ်းမှာ စားဖို့ အစားအသောက်တွေ ဝယ်ပေးလိုက်ကြတယ်။ ကလေးထောင်က လွတ်လာတဲ့ ပဏ္ဍိတ်ထွန်းတို့နဲ့က မန္တလေးမှာ ဆုံကြတယ်။ ကျွန်တော် တို့ကို မန္တလေးတိုင်းဒေသကြီး NLD နဲ့ မန္တလေးအခြေစိုက် JCRC က ကူညီပါတယ်။ မြစ်ကြီးနားထောင်မှာ နှစ် ပေါင်းများ စွာ အတူအကျဉ်းကျခဲ့ဖူးတဲ့ လူရွှင်တော် ဦးပါပါကလည်းလာရောက် နှုတ်ဆက်ရင်း မရမက ဧည့်ခံလိုက်ပါသေးတယ်။

၉-၇-၂၀၀၅ နေ့ မနက် ရန်ကုန်ဘူတာကြီးကိုရောက်တော့ လာကြိုနေကြတဲ့ မိသားစုတွေ ကို တွေ့ ရတယ်။ ဆရာ မောင်ဝံသက သူ့ ရဲ့ မိတ်ဆွေ ဦးစိန်လှဦးကို ပန်းစည်းကြီးတစ်စည်းနဲ့လာရောက် ဂုဏ်ပြုကြိုဆိုတယ်။ ကျွန်တော့် ကိုတော့ ကျွန်တော့် ရဲ့ ညီလေးနှစ် ယောက် က လာကြိုတယ်။ လာကြိုကြတဲ့ အထဲမှာ ခပ်ဝဝ ထောင်ထောင်မောင်းမောင်းနဲ့ လူနှစ် ယောက် က ကျွန်တော့် ကိုမေးတယ်။ ကိုပေါ်က ကြို ခိုင်းလို့တဲ့။ နောင်တော့ သူတို့နှစ် ယောက် နဲ့ အတော် ပဲ ခင်မင် သွားပါ တယ်။ ၁၉၉၀ ရွေးကောက်ပွဲတုန်းက ဗဟန်းအမတ် ကိုထွန်းလှိုင် (ဒီမိုကရက်တစ်ပါတီ) နဲ့ ကိုတင်မောင်ဦး (ပါတီက အထုတ်ခံထားရတဲ့ ဗဟန်း NLD)၊ ကျွန်တော့် ညီလေးတွေ ပါ ကိုထွန်းလှိုင်ရဲ့ ကားနဲ့အတူ ပြန်ကြတယ်။ တိုင်ဆိုင်ချင်တော့ ကျွန်တော့် အိမ်နေရာသစ်က ကိုပေါ်တို့ ရပ်ကွက်ထဲမှာ ပဲ။အိမ်ချင်းကလည်း အနီးလေးဆိုတော့ ကိုပေါ့်ဆီကို အရင်ဝင်ကြတယ်။ ဝေဇယန္တာလမ်းမကြီးပေါ်ကအိမ်လေး။ ကိုပေါ်က ပဲခူးသွားခါနီး ပြင်ဆင်နေပြီ။ မျက်နှာက ကြည်လင်ဝင်းပနေပေမယ့် အသား အရေက ဖြူဖပ်ဖြူရော်နဲ့ နံရိုးတွေ အပြိုင်းပြို င်းပေါ်အောင်ကို ပိန်လွန်းနေတယ်။ ကျွန်တော် တို့ တစ်တွေ ဝမ်းသာအားရ အပြန်အလှန် နှုတ်ဆက်ကြပြီး ညကျမှ တွေ့ ဆုံဖို့ ချိန်းဆိုလိုက်ကြတယ်။ အခုလို ရုတ်တရက်ပြန်လည်လွတ်မြောက်လာပြီး မိသားစုနဲ့ ပြန်လည်ဆုံစည်းရတော့ ကျွန်တော် နဲ့တကွ မိသားစုရဲ့ ဝမ်းသာရွှင်လန်းမှု က အတိုင်းထက်အလွန်ပါပဲ။ ကျွန်တော်

အခုတစ်ကြိမ်ထောင်ကျတော့ သုံးနှစ် သမီးပဲရှိသေးတဲ့ တူမလေးက
ရှစ်တန်းတောင်ရောက်နေပြီ။ ကျွန်တော် ထောင်ကျပြီးမြစ်ကြီးနားထောင်ရောက်မှ မွေးတဲ့
တူလေးက ခြောက်နှစ် အရွယ် ရှိနေပြီ။ အဲဒီ တစ်နေ့လုံးတော့ ဘယ်မှမသွား ဖြစ်ဘဲ
မိသားစုနဲ့ပဲ အိမ်မှာ တစ်နေ့လုံးလုံး နေ ဖြစ်တယ်။ မှတ်မှတ်ရရ ကတော့ အဲဒီ တစ်ရက်ပဲ
ကျွန်တော် မိသားစုနဲ့ အချိန်များများ နေခဲ့ရတာ ပါ။ နောက်ရက်တွေ က စပြီး ၈၈ မျိုး
ဆက်ကျောင်းသားအဖွဲ့ထဲမှာ ထဲထဲဝင်ဝင်ပါဝင် လှုပ်ရှားလိုက်တာ နောက်တစ်ကြိမ်ထပ်ပြီး
အဖမ်းခံရတဲ့အထိပါပဲ။ မြစ်ကြီးနားထောင်က ပြန်လည်လွတ်မြောက်လို့
အိမ်ပြန်ရောက်တဲ့ညမှာ တော့ မနက်က ချိန်းဆိုထားခဲ့တဲ့အတိုင်း ကိုပေါ့်အိမ်ကို
ရောက်ပါတယ်။ ပန်းချီကားချပ်တွေ ၊ ပန်းချီကားဘောင်တွေ ရှုပ်ထွေးပွတ်ညပ်နေတဲ့
အိမ်ကျဉ်းကျဉ်းလေးထဲမှာ ပဲ ကျွန်တော် တို့ စကားထိုင်ပြော ဖြစ်ကြတယ်။ လွန်ခဲ့တဲ့ တစ်လ
ကျော်ကတည်းက သူငယ်ချင်းရဲ့ လက်ထဲမှာ ရောက်နေတဲ့စာကိုလည်း အဲဒီ နေ့ ကျမှာ ပဲ ပေး
ဖြစ်တော့တယ်။ ပြီးတော့ ကျွန်တော် ထောင်ထဲမှာ သန္နိဋ္ဌာန်ချတဲ့အတိုင်း ၈၈ မျိုး ဆက်
ကျောင်းသားလှုပ်ရှားမှု မှာ ဝင်ရောက်လှုပ်ရှားဖို့ အဆိုပြုတော့ ကိုပေါ်က ဝမ်းသာအားရပဲ
လက်ခံခဲ့တယ်။

ကျွန်တော့် မိသားစု နေတဲ့အိမ်က သဃ်ကျွန်းမြို့ နယ်၊ ၁၆/၂ ရပ်ကွက်၊ သုဒဿ
န (၁)လမ်းထဲမှာ ။ ကိုပေါ့်အိမ်ကလည်း တစ်ရပ်ကွက်တည်းက
ဝေဇယန္တာလမ်းမကြီးပေါ်မှာ ။ တစ်အိမ်နဲ့ တစ်အိမ် လမ်းလျှောက်သွားရင် ၅ မိနစ် မကြာဘူး။
ကိုကိုကြီးရဲ့ အိမ်က တောင်ဥက္ကလာပမြို့ နယ်၊ ၉ ရပ်ကွက်က သုမင်္ဂလလမ်းမပေါ်မှာ ။
ကျွန်တော့် အိမ်ကနေဆို စက်ဘီးနဲ့သွားရင် ၅ မိနစ် မကြာဘူး။ကျွန်တော် ထောင်က
မလွတ်မြောက်ခင် ကတည်းက ကိုပေါ်၊ ကိုကိုကြီး၊ ကိုပြုံးချို၊ ကိုဇော်ဇော်အောင်နဲ့
ကိုဇေယျတို့က တစ်ပတ်မှာ ၃ ရက် ကိုကိုကြီးရဲ့ အခန်းမှာ အင်္ဂလိပ်စကားပြော သင်ယူနေကြ
တယ်။ သင်ပေးတာက ဆရာဦးတင့်လွင် (ယခင် တောင်ဥက္ကလာ NLD)။ အလွန်တော် တဲ့
ဆရာကြီးပါ။သူ့တပည့်ကြီးတွေ အပေါ်မှာ လည်း အတော့် ကို စိတ်ရှည်ပါတယ်။ ကျွန်တော်
ရောက်လာတော့ ကျွန်တော် ပါ ပါဝင်သင်ယူ ဖြစ်တယ်။ မနက်ဆို ၇း၃၀ နာရီလောက်

ကိုပေါ့ဆီကို စက်ဘီးနဲ့သွား။စက်ဘီးတစ်စီးစီ နဲ့ ကိုကိုကြီးဆီသွား။ ကိုပေါ့စက်ဘီးက ညတုန်းက အခြားတစ်နေရာမှာ ထားခဲ့ပြီဆိုရင်တော့ ကျွန်တော် တင်နင်း။ ပဒေသာ လမ်းဆုံမှာ မုန့်ဟင်းခါးစား။ ကိုကိုကြီးရဲ့ အခန်းမှာ စာသင်။၉း၃၀ နာရီလောက်ဆိုရင်တော့ ချိန်းဆိုထားတဲ့နေရာ တွေ ဆီ ကိုယ်စီ ကိုယ်စီ ထွက်သွားကြ။ ကျွန်တော် က ရုံးစောင့်၊ ဖုန်းစောင့်အ ဖြစ် နေရစ်ခဲ့။ ဖုန်းမှတ်တမ်းရေး ၊ ရောက်လာသမျှ အနယ်နယ်အရပ်ရပ်က ဧည့်သည်တွေ ကို ဧည့်ခံ။ အဲဒီ အချိန်က ရုံးခန်းရယ်လို့ ပီပီပြင်ပြင် ဖွင့်နိုင်ခဲ့တာတော့ မဟုတ်ပါဘူး။ စုရပ်အနေနဲ့ပဲ အမိက အသုံးပြုရတာ ပါ။ ဟန်းဖုန်းတွေ လည်း မကိုင်နိုင်ကြသေးပါဘူး။ကိုပေါ်ဆိုရင် ၂၀၀၅ ခုနှစ် နှစ် ကုန်လောက်မှ၊ ကိုကိုကြီးဆိုရင် ၂၀၀၆ ခုနှစ် ရောက်မှ ကိုင်နိုင်ကြတာပါ။ ကိုငွေကြွယ် ကတော့ အစောဆုံး ကိုင်နိုင်သူပေါ့။ ဟန်းဖုန်းဈေးကလည်း သိန်း ၃၀၊ ၄၀ လောက် ဖြစ်ခဲ့ဖူးသေးတယ်လေ။ ကျွန်တော် စကိုင်ခဲ့ဖူးတဲ့ ၂၀၀၆ ခုနှစ် နှစ် ကုန်ပိုင်းမှာ တောင် ဟန်းဖုန်းဈေးက ၂၅ သိန်းကျော်ရှိပါတယ်။ ဒါပေမယ့် ငှားရမ်းကိုင်ဆောင်မှု ပေါ့။ အဲဒါကလည်း တစ်နှစ် ကို ၇ သိန်းလောက် ကုန်ပါတယ်။ အဲဒီ တော့ ဟန်းဖုန်းတွေ လည်း မကိုင်နိုင်ကြသေးတဲ့အချိန်၊ အိမ်မှာ လည်းရှိမနေနိုင် ၊ ကြိုး ဖုန်းအနားမှာ လည်း ကြာကြာ မနေနိုင်ကြဘူးဆိုတော့ ကျွန်တော် က အလိုလိုနေရင်းတရားမဝင် ရုံးအုပ်ကြီးပေါ့။ ရုံးစောင့် ၊ ဖုန်းစောင့်။ တကယ်တမ်းကျတော့ အစုံကို လုပ်ရတာ ပါ။ ရေနွေးအိုးတည်၊ ကော်ဖီဖျော်၊ လက်ဖက်ရည်ဖျော်၊ ပန်းကန်ဆေး၊ အိမ်သာဆေး၊ တံမြက်စည်းလှည်း။ကျွန်တော့် တစ်ယောက် တည်း ကွက်ပြီးလုပ်ရတာ တော့ မဟုတ်ပါဘူး။ ကြုံရင် ကြုံတဲ့သူ၊ မနေတတ်တဲ့သူက ဝင်လုပ်ရတာ ပါပဲ။ အလုပ်ရဆုံး ကတော့ ကျွန်တော် နဲ့ ကိုကိုကြီးပေါ့။ အဲဒီ ကာလာက နိုင်ငံရေး လုပ်ရတာ အလွန်ကို ကျပ်တည်းကျဉ်းမြောင်းတဲ့ အနေအထားပါ။ တရားဝင် ပါတီကြီး ဖြစ်တဲ့ NLD တောင်မှ အုတ်လမ်းရုံးချုပ် တစ်နေရာတည်းမှာ လှုပ်ရှားနိုင်တာပါ။ နိုင်ငံအနှံ့မှာ ရှိတဲ့ ရုံးတွေ အားလုံးလိုလိုက ချိပ်ပိတ်ခံထားရတယ်။ ကျွန်တော် တို့ လွတ်လာခါစမှာ တင် မင်္ဂလာလေးတိုင်းရုံးက အတားခံနေရပြီ။ နိုင်ငံရေး အခမ်းအနားတွေ သာမက ပါတီအစည်းအဝေးတောင် လုပ်ခွင့်မရတော့ဘူး။ NLD ပါတီဝင်အ ဖြစ်မှ စုပေါင်းနုတ်ထွက်ပွဲတွေ က သတင်းစာထဲမှာ နေ့စဉ်လိုလို ပါနေတယ်။ တချို့ မြို့ တွေ မှာ

ဆိုရင် NLD ကင်းမဲ့ ဒေသ အ ဖြစ်တောင် တခမ်းတနား ကြေညာနေကြပြီ။ စစ်အစိုးရက အုတ်လမ်းက ရုံးချုပ်မှာ ပဲ နိုင်ငံရေး ကို အာသာပြေလုပ်ခွင့်ပေးထားတဲ့ သဘော ဖြစ်နေတယ်။ နိုင်ငံရေး ဆိုတာကိုလူထုကြားထဲမှာ မရှိတော့အောင် ဖန်တီးထားတဲ့ အခြေအနေ။ ဒီလို အခြေအနေမှာ ၈၈ မျိုး ဆက် ကျောင်းသားတွေ က နိုင်ငံရေး ကို လူထုကြားထဲ ပြန်ရောက်ဖို့ကြိုး စား လာကြတာဆိုတော့ စစ်အစိုးရက ဘယ်ရှုစိမ့်ပါ့မလဲ။ အစပိုင်းတုန်း ကတော့ မင်းကိုနိုင် ဦးဆောင်တဲ့ ၈၈ မျိုး ဆက် အစုအဖွဲ့ကို NLDနဲ့ အားပြိုင်အင်အားစု တစ်စု အ ဖြစ် စစ်အစိုးရက မျှော်လင့်ခဲ့ပုံရတယ်။ ဒါပေမယ့် ၈၈ မျိုးဆက် ကျောင်းသားတွေ အနေနဲ့ NLD ကို မ ဖြစ်မနေ ဝန်းရံ ရပ်တည်ပေးမယ်ဆိုတဲ့ မူကို ပြတ်ပြတ်သားသားခိုင်ခိုင်မာမာ ချမှတ်လှုပ်ရှားလာတဲ့အခါမှာ တော့ စစ်အစိုးရရဲ့ ကျွန်တော်တို့အပေါ် ထားရှိတဲ့ သရုပ်အမှန်က တဖြည်းဖြည်း ပေါ်လွင်လာတယ်။ ခက်နေတာက NLD နဲ့ ဝါရင့် နိုင်ငံရေး သမားတွေ ဦးစီးတဲ့နိုင်ငံရေး နေ့ အခမ်းအနားတွေ ကျင်းပတာကလွဲရင် နိုင်ငံရေး လှုပ်ရှားမှု ဘာတစ်ခုမှ လုပ်ခွင့်မရ၊ မလုပ်နိုင်ကြတာပဲ။ နိုင်ငံရေး သမားဆိုရင် ကုသိုလ်ရေး နဲ့ ပရဟိတအလုပ်တောင် လွတ်လွတ်လပ်လပ် လုပ်ခွင့်မရဘူး။ မဖြူဖြူသင်းတို့ရဲ့ HIV/AIDS ပြုစုစောင့်ရှောက်ရေး အလုပ်ဆိုရင် ဘယ်ခေတ် ဘယ်အခါ ဘယ်ဒေသမှာ ပဲ ဖြစ် ဖြစ် နတ်လူ သာဓုခေါ်ကြမယ့် အလုပ်မျိုး ပါ။ မစုစုနွေး လုပ်နေတဲ့ လူ့အခွင့်အရေး ၊ အလုပ်သမားအရေး ၊ တောင်သူ လယ်သမားအရေး အလုပ်တွေ ကလည်း အများ ကောင်းကျိုး ဆောင်တဲ့ အလုပ်တွေ ပဲ မဟုတ်လား။ အဲဒါတွေ ကို နည်းလမ်းပေါင်းဆုံနဲ့ အနှောက့်အယှက်ပေးတယ်။ခြိမ်းခြောက်တယ်။ မစုစုနွေးကို ဆိုရင် အမှု ဆင် ထောင်ချပစ်တဲ့အထိ နှိပ်ကွပ်ခဲ့တယ်။ နိုင်ငံရေး သမားတွေ ဖြစ်နေတာ တစ်ခုတည်းနဲ့ အဓမ္မနှိပ်ကွပ်ခဲ့တာပါ။ လူထုကြားထဲမှာ နိုင်ငံရေး လှုပ်ရှားမှု မဆိုထားနဲ့၊ နိုင်ငံရေး ဆန်တဲ့ ပုံရိပ်တွေ ကိုတောင် အရောက်မခံတဲ့ အခြေအနေပါ။ ဒေါ်အောင်ဆန်းစုကြည် ရုပ်ပုံနဲ့ အင်္ကျီ၊ ဗိုလ်ချုပ်အောင်ဆန်း ရုပ်ပုံနဲ့ အင်္ကျီ ဘာတစ်ခုမှ လက်မခံဘူး။ ဒီတော့လည်းကျွန်တော် တို့မှာ ရေလို ဆီလို ကျင့်သုံးပြီး ရတဲ့အပေါက်ကနေ ရှာထွက်ရတယ်။ အဲဒါ ကတော့ သာရေး ၊ နာရေး အခမ်းအနားတွေ ပါပဲ။ ကိုယ့်အင်အားစုထဲက သာရေး ၊ နာရေး မှန်သမျှကို မလွတ်တမ်း သွားကြတယ်။ ကိုယ့်အင်အားစုတွေ ရဲ့ အခမ်းအနားဆိုရင် တော် ရုံလူတွေ

ကလည်း လာခဲကြတာမို့ ကျွန်တော် တို့တစ်တွေ သွားရောက်ရပ်တည် အားပေးတာကလည်း တစ်ကြောင်း၊ ဒီလိုပွဲမျိုး မှာ မှ ကိုယ့်အင်အားစုတွေ ကို စုံစုံညီညီ တွေ့ ဆုံနိုင်တာကလည်း တစ်ကြောင်းပေါ့။ ဒီတော့ သာရေး ၊ နာရေး တွေ အကြိမ်ကြိမ် သွား ဖြစ်လာတဲ့အခါ သတိထားမိလာတာက ဘယ်သူ့ရဲ့ သာရေး ၊ နာရေး ၊ဆိုပြီး အချိန်နဲ့ နေရာသာ ပြောင်းသွား တယ်၊ တွေ့ ရဆုံရတဲ့သူတွေ ကတော့ ဒီလူ ဒီလူချည်းပဲ ဖြစ်နေတယ်။ အာဏာပိုင်တွေ ဘက်ကလည်း ဒီလူ ဒီလူတွေ ပဲ နိုင်ငံရေး လောကထဲရှိစေ၊ နောက်လူသစ်၊နောက်မျိုး ဆက်သစ်တွေ တော့ ပါမလာရင်ပြီးရော ဆိုတာမျိုး သဘောထားရှိပုံရတယ်။ ဘာကြောင့် လဲ ဆိုတော့ ကိုယ့်ဒီလူ ဒီလူတွေ ပဲ ပါဝင်တဲ့ အခမ်းအနားမျိုး ပွဲလမ်းသဘင်မျိုး ဆိုရင် (ကျွန်တော် တို့ပရိသတ်ထက်တောင်မှ အင်အားများ ပုံရတဲ့) ထောက်လှမ်းရေး တွေ က သိပ်တောင် အရေး စိုက်မနေ ဘူး။ အေးဆေးပဲ။ ကိုယ်တွေ ကိုတောင် ပြုံးပြနှုတ်ဆက်လို့ ရယ်ရယ်မောမောနဲ့။ အဲ လူသစ်တွေ ၊ သူတို့မမြင်ဘူးတဲ့ သူစိမ်းတွေ များ ပါလာပြီဆိုရင်တော့ ပျာလောင်ခတ်နေတာမှ ဝရုန်းသုန်းကားပဲ။ ဘယ်သူလဲ ၊ ဘယ်ကလဲ၊ ဘာလုပ်သလဲ ... 'ဘ' ခြောက်လုံးမကတဲ့ မေးခွန်းတွေ ကို ကြုံတဲ့သူဆီ မျက်နှာချိုသွေး တရစပ်မေးကြပါလိမ့်မယ်။ တစ်နိုင်ငံလုံးမှာ ဖိနှိပ်ချုပ်ချယ်မှု က ကြီးမားပြီး ဟန့်တား ပိတ်ဆို့ခြိမ်းခြောက်မှု တွေ ခံနေရတော့ ကျွန်တော် တို့မှာ နိုင်ငံရေး အင်အားစုတွေ ချဲ့ထွင်ဖို့ထက် ကိုယ့်အင်အားစု အဟောင်းတွေ ပဲ့မကျန်ရစ်အောင်ဘဲ မနည်းကြိုး စားနေကြရတဲ့ ကာလပျက်တစ်ခု ဆိုပါတော့။

ဒီကြားထဲမှာ ဒီပဲယင်းလို အ ဖြစ်ဆိုးမျိုး ကြုံရမှာ စိုးလို့ အားလုံးက ဝိုင်းဝန်းတားဆီးနေကြတဲ့ကြားထဲကမိုးကုတ်မြို့ ကို ကျွန်တော် တို့ ခရီးထွက် ဖြစ်ခဲ့တယ်။ ၈၈ မျိုး ဆက် ကျောင်းသား အစုအဖွဲ့အနေနဲ့ ပထမဆုံးသော နယ်ဝေးခရီးပါပဲ။ ခရီးစဉ်မှာ ပါဝင်တဲ့သူ ကတော့ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုပြုံးချို၊ ကိုဇေယျ(ကုလားမ) ၊ကိုစိုးထွန်း၊ ကိုဇော်မင်း (ဒေဝဒတ်) နဲ့ ကျွန်တော် တို့ပါပဲ။ အမရပူရမြို့ ၊ တောင်လေးလုံးကျောင်းတိုက်မှာ ကျင်းပမယ့် အမေလူထု ဒေါ်အမာရဲ့ အသက် ၉၀ ပြည့်မွေးနေ့ကို တက်မယ်ဆိုပြီး ၂၄-၁၁-၂၀၀၅ နေ့က စထွက်ကြတာပါ။ ၂၅ ရက်နေ့ မန္တလေးကို

ရောက်တော့ ကိုမြအေးက လာကြိုတယ်။ ကြိုတင်ချိတ်ဆက် စီစဉ်ထားတဲ့အတိုင်း မိုးကုတ်က ကိုမင်းသူ၊ မပွင့်ဖြူတို့ရဲ့ အစီအစဉ်နဲ့ ခရီးဆက်တယ်။ (အဲဒီ အချိန်တုန်း ကတော့ အာဏာပိုင် အဖွဲ့အစည်းတွေ ဘက်က ဘာအနှောင့် အယှက်မှမပေးဘဲ ကူညီခဲ့ကြတယ်) မိုးကုတ်မြို့ ကိုရောက်တော့ ဒေသခံ လူငယ်တွေ နဲ့ ဆွေးနွေးပွဲတွေ ၊ စကားဝိုင်းတွေ ကျင်းပနိုင်ခဲ့တယ်။ မိုးကုတ်မြို့ မှာ ၂ ည အိပ်ပြီး မန္တလေးကို ပြန်ဆင်းတယ်။ Power Hotelမှာ ရောက်နှင့် နေတဲ့ ကိုမင်းဇေယျ၊ ကိုငွေကြွယ်၊ ကိုအောင်မျိုး တင့် တို့နဲ့ ဆုံတယ်။ ၂၈-၁၁-၂၀၀၅နေ့ညမှာ အမေလူထု ဒေါ်အမာကို အိမ်မှာ သွားပြီး ဂါရဝပြုနှုတ်ဆက်ကြတယ်။ အမေ့အတွက် မွေးနေ့လက်ဆောင် ကျောက်စိမ်းပန်းချီကား တစ်ချပ်နဲ့ ကန်တော့ခဲ့ကြတယ်။ အမေက အသက် ၉၀ ပြည့်မွေးနေ့ အမှတ်တရ ထုတ်ဝေတဲ့ စာအုပ်လေးတွေ လက်ဆောင်ပြန်ပေးတယ်။ ကိုယ့်နာမည် နဲ့ အမေ့ရဲ့ လက်မှတ်နဲ့။ တကယ့်ကို အမှတ်တရပါပဲ။ (ကျွန်တော့် အတွက် ကတော့ အမေလူထု ဒေါ်အမာကို ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် မြင်တွေ့ခွင့်ရခဲ့တဲ့ ခရီးပါပဲ။) နောက်နေ့မှာ တော့ ကိုပညာ(အမရပူရ)ရဲ့ တောင်လေးလုံးကျောင်းက အမေ့ရဲ့ မွေးနေ့ပွဲကို သွားကြတယ်။ နိုင်ငံရေး အင်အားစုတွေ ချည်း မြင်တွေ့နေကျပွဲကနေ လူတန်းစား အလွှာပေါင်းစုံကို မြင်တွေ့ခွင့်ရတဲ့ပွဲပဲ ဆိုပါတော့။ အထူးသဖြင့် တော့ အမေ့ကို ကြည်ညိုလေးစားကြတဲ့ စာပေအသိုင်းအဝိုင်းက ပိုများ ပါတယ်။

ကျွန်တော် တို့အတွက် အထူးခြားဆုံး ဖြစ်ရပ် ကတော့ အဲဒီ ပွဲမှာ ဆရာကြီး ဒေါက်တာသန်းထွန်းနဲ့ ဆုံစည်းခွင့်ရ၊ ကန်တော့ခွင့် ရခဲ့ကြတာပါပဲ။ ဆရာ့ရဲ့ တိုတောင်းထိမိလှတဲ့ ဆုံးမ စကားကိုလည်း ပထမဆုံးနဲ့ နောက်ဆုံးအကြိမ် ကြားနာခွင့် ရခဲ့ကြပါတယ်။ မင်းကိုနိုင်နဲ့ ကိုကိုကြီးတို့က ...

"ကျွန်တော် တို့ကို ဆုံးမပါ ဆရာ၊ ဆရာရဲ့ ဆုံးမဩဝါဒကို ခံယူပါရစေ"

ဆိုတော့ ဆရာကြီး ဒေါက်တာသန်းထွန်းက ...

"ဘာဆုံးမစရာရှိမလဲ၊ ကောင်းတာ လုပ်နေကြတာပဲ၊ ပြီးမှ မပြီးသေးတာ၊ ဒါကိုပဲ ဆက်လုပ် ကြပေါ့" တဲ့။

အဲဒီ ညမှာ ပဲ ဆရာကြီး ဒေါက်တာသန်းထွန်း ကွယ်လွန်ပါတယ်။ သွေးတိုးမရှိ၊ နှလုံး ရောဂါ မရှိ၊ ဆီးချိုရောဂါ မရှိတဲ့ ဆရာကြီးကြောင့် အားလုံးပဲ အံ့အားတသင့်နဲ့ ဝမ်းနည်းကြေကွဲခဲ့ရတာ ပါ။ နှမြောလိုက်တာ ဆရာကြီးရယ်။ ကျွန်တော် တို့လည်း ပြန်ရမယ့် ရက်ကို ဆရာ့ဈာပနအတွက် တစ်ရက်ဆုတ်လိုက်ရပါတယ်။

ကိုမော်လင်းရဲ့ ဗိသုကာလက်ရာ အုတ်ဂူမှာ ကျွန်တော် တို့ ရဲ မျိုး ဆက် ကျောင်းသားတွေ ရဲ့ လွမ်းသူ့ပန်းခွေနဲ့ ကျွန်တော် တို့တစ်တွေ အလေးမြတ်ဆုံး ဂါရဝ ပြု ခဲ့ကြပါတယ်။ ဆရာ ကောင်းရာသုဂတိ လားပါစေ။

NLD ... အင်အားကြီးမားဆုံးပါတီ၊ ၁၉၉၀ ရွေးကောက်ပွဲမှာ အပြတ်အသတ် အနိုင်ရရှိခဲ့တဲ့ပါတီ၊ မြန်မာ့ ဒီမိုကရေစီ ရေး အတွက် တပ်ဦးပါတီ၊ ပြည်သူ့ပါတီကြီးအပေါ် ကျွန်တော် တို့တတွေ အားမလို အားမရ ဖြစ်မိတာတွေ ရှိခဲ့ပါတယ်။ တချို့ သော ကိစ္စတွေ မှာ စစ်အစိုးရဘက်က ဖိနှိပ်တာထက် ပါတီကြီးကိုယ်နှိုက်က စစ်အစိုးရအလိုကျ အဖိနှိပ်ခံဘဝအ ဖြစ် လည်စင်းပေးခဲ့တာတွေ ရှိတယ်လို့ မြင်မိတယ်။ တရားဝင်ပါတီကြီးပဲလေ။ တိုင်းနဲ့ ပြည်နယ်အနံ့က ရုံးခန်းတွေ ချိပ်ပိတ်ခံထားရတာ ကို အဓမ္မဆွဲမခွာနိုင်ဘူးပဲထား၊ တရားဝင် အဖျက်သိမ်းမခံရသေးတဲ့ ပါတီကြီးတစ်ခု အနေနဲ့၊ တရားဝင်ပါတီဝင်တွေ အနေနဲ့ တစ်နေရာရာ တစ်အိမ်အိမ်မှာ တရားဝင်စုဝေးခွင့်၊ စည်းဝေးခွင့်လေးတော့ရသင့်တာပေါ့ဗျာ၊ မရ , ရအောင်လည်း ယူသင့်တာပေါ့ဗျာ။ ချိပ်ပိတ်ခံထားရတဲ့ ရုံးခန်းမှာ မစုဝေးဘူးဗျာ။ NLD ပါတီဝင် မြို့နယ်တာဝန်ခံ တစ်ယောက် ရဲ့ နေအိမ်မှာ စည်းဝေးကြမယ်ဗျာ။ စုဝေးကြမယ်ဗျာ။ အာဏာပိုင်တွေ ကတော့ တားဆီးခြိမ်းခြောက်ကြမှာ ပါပဲ။ ဒါကို ကြံ့ကြံ့ခံပြီး ကျင်းပမယ်ဗျာ။ အားနည်းနည်း စိုက်ပြီး တိုးလုပ်မယ်ဗျာ။ ဆူတာပူတာ မဟုတ်ဘူး။ အကြမ်းဖက်တာ မဟုတ်ဘူး။ ကိုယ့်ပါတီအလုပ် ကိုယ်လုပ်တာ။ လုပ်မယ်။ ဖြစ်လာသမျှကို ရင်ဆိုင်မယ်။ ဖမ်းရင်လည်း ခံမယ်။ သည့်အတွက် အုတ်လမ်း ၅ွာနချုပ်က လိုက်ပါရပ်တည် ဖြေရှင်းပေးမယ်။ ဒါဆိုရင် အခုလို နိုင်ငံရေး သွက်ချာပါဒ မ ဖြစ်ဘူးဗျာ။ အသက်ငွေ့ငွေ့ပဲ ကျန်ရှိတာ ဖြစ်စေဦးတော့၊ ဂုဏ်သိက္ခာရှိရှိ ရှင်သန်ခွင့်လေးတော့ ရနေမယ်။ အခုတော့ဗျာ အဲလို မဟုတ်ဘူး။ ရောဝတီတိုင်းမှာ အစည်းအဝေးလုပ်ခွင့်မရဘူးလား။ လာလှည့် ဗဟိုရုံးချုပ်

ပ်ကို။ ဒီလိုနဲ့ပဲ အနယ်နယ် အရပ်ရပ်မှာ နိုင်ငံရေး သေသလောက် ဖြစ်ပြီးအုတ်လမ်း ၅၄နချု ပ်မှာ ပဲ ရှင်သန်ခွင့်ရနေတော့တယ်။ ပြောရရင် NLD ပါတီကြီးဟာ လူထုနဲ့သာမကကိုယ့်ပါတီဝင်တွေ နဲ့ပါ ကင်းကွာသွားရတယ်။ တစ်ခါကဆိုရင် အုတ်လမ်း ရုံးချု ပ်ရှေ့ကနေ ဖြတ်သွားတဲ့ ဘစ်ကားကြီး စီးသွားဖူးတယ်။ အဲဒီ နေ့က သင်တန်းဆင်းပွဲတို့ ဘာတို့ ရှိသလားမသိပါဘူး။ NLD ရုံးချုပ်ရှေ့နဲ့ အနီးဝန်းကျင်မှာ ပင်နီဝတ် အင်အားစုတွေ ကို ဟိုတစ်စု ဒီတစ်စု အတော် များများ တွေ့ရတော့ ကားပေါ် ပါလာတဲ့ ခရီးသည်တွေ က တအံ့တသြ ဖြစ်လို့။

"ဟယ်တော့ ဒီပါတီကြီးက ရှိသေးတာကိုး" တဲ့။

ဒီလိုမျိုး တစ်တိုင်းတစ်ပြည်လုံး စစ်အစိုးရ အလိုကျငြိမ်ငြိမ်ဝပ်ဝပ်နေတဲ့ လူလိမ္မာတွေ ကြားထဲမှာ NLD ပါတီဝင်တွေ ထဲက တက်ကြွလှုပ်ရှားသူတွေ နဲ့ ကျွန်တော် တို့ ၈၈ တွေ ကတော့ လူမိုက်တွေ မ ဖြစ်နဲ့ ထီးထီးကြီးပေါ်လာတယ်။ တိုင်းပြည်ကို လက်ညှိုး ထိုး ရောင်းစားမယ့် ပုဆိန်ရိုးတွေ ၊ အဖျက်အမှော င့် ပယောဂကောင်တွေ အ ဖြစ် ထင်းထင်းကြီး သမုတ်ခံကြရတယ်။ လူမှု အသိုင်းအဝိုင်းကနေ ဖယ်ကြဉ်ဖို့အထိ အလှုံ့ဆော်ခံခဲ့ရတယ်။ ဒီလိုနဲ့ပဲ ကျွန်တော် တို့ကို အစွယ်ချိုး တဲ့အနေနဲ့၈၈ မျိုး ဆက် ကျောင်းသားခေါင်းဆောင်ပိုင်းတွေ ဖြစ်တဲ့ မင်းကိုနိုင်၊ ကိုကိုကြီး၊ ကိုငွေကြွယ်နဲ့ နောက်ပိုင်းမှာ ကိုမင်းဇေယျ၊ ကိုပြုံးချိုတို့ကို ၂၀၀၆ ခုနှစ် ၊ စက်တင်ဘာ လနှောင်းပိုင်းမှာ ဖမ်းဆီးလိုက်ပါ တယ်။ ဒါပေမဲ့ စစ်အစိုးရ မှာ းပါတယ်။ အမှာ းကြီးကို မှာ းပါတယ်။ အဲဒီ လို ဖမ်းဆီးလိုက်တော့မှ ၈၈ မျိုး ဆက်ကျောင်းသားများ ဆိုတာကို လူထုက ပိုသိသွားတယ်။ နိုင်ငံရေး လှုပ်ရှားမှု တွေ လူထုကြားထဲမှာ ပုံစံမျိုး စုံနဲ့ ပေါ်လာတယ်။ သွက်ချာပါဒ ဖြစ်နေတဲ့ နိုင်ငံရေး ပြန်လည်နိုးကြွလာတယ်။ ဦးစီးဦးဆောင် ၅ ယောက် တို့ ဖမ်းပြီးဆိုတော့ ဆက်လက်ဦးဆောင်မယ့်သူတွေ အသုတ်လိုက် ရွေးထုတ်ပြီး နိုင်ငံရေး လှုပ်ရှားမှု တွေ စတင်ခဲ့တယ်။ ၈၈ အစုအဖွဲ့ထဲမှာ ထဲထဲဝင်ဝင်မရှိလှသေးတဲ့ကိုမြအေးကို မန္တလေးကနေ အမြန်ခေါ်။ ကိုမြအေး၊ ကိုဂျင်မီ၊ ကိုအံ့ဘွယ်ကျော်တို့ သုံးယောက် က ပထမအသုတ် ဦးဆောင်။ ကိုအောင်မျိုး တင့်၊ ကိုနေတင်မြင့်၊ ကိုထွန်းမြင့်အောင်တို့က ဒုတိယ အသုတ်

ဦးဆောင်။ ... စသည်ဖြင့် သတ်မှတ်ရွေးချယ်ကြပြီး လူထုကြားထဲမှာ နိုင်ငံရေး လှုပ်ရှားမှု တွေ စတင် ဖြစ်ကြတယ်။ Signature Campaign ဆိုတဲ့ လက်မှတ်ရေး ထိုးလှုပ်ရှားမှု ။ ဒေါ်အောင်ဆန်း စုကြည်၊ ဦးတင်ဦး၊ ဦးခွန်ထွန်းဦးနဲ့ မင်းကိုနိုင်တို့ ၅ ယောက် အပါအဝင် အကျဉ်းကျခံ နိုင်ငံရေး အကျဉ်းသားတော် လွှတ်ပေးဖို့ ဆန္ဒပြလက်မှတ်ရေး ထိုးကြတာ။ White Campaign အဖြူရောင် လှုပ်ရှားမှု ၊ အဖြူရောင် အဝတ်အစားတွေ ဝတ်ဆင်ပြီး ဆန္ဒထုတ်ဖော်တာ၊ Prayer Campagin ဝတ်ပြုဆုတောင်းပွဲ လှုပ်ရှားမှု ၊ နိုင်ငံရေး အကျဉ်းသားတွေ ပြန်လည်လွတ်မြောက်ဖို့ ဘာသာပေါင်းစုံကနေဝတ်ပြုဆုတောင်းပွဲတွေ လုပ်ကြတာ။ Heart Letter Campaign ရင်ဖွင့်ပေးစာလှုပ်ရှားမှု ။ မိဘပြည်သူတစ်ရပ်လုံးအနေနဲ့ မိမိတို့ရဲ့ အခက်အခဲ ပြဿ  နာတွေ ကို နိုင်ငံတော် အကြီးအကဲဆီ စာရေး သား တင်ပြတာ။ ဒီလိုလှုပ်ရှားမှု တွေ နဲ့ လူထုကြားထဲကို ကျွန်တော်တို့ ရောက်ခဲ့တယ်။ တက်ကြွလှုပ်ရှားတဲ့နိုင်ငံရေး အင်အားစုတွေ အားလုံးကို အလုပ်နဲ့ စုစည်းနိုင်ခဲ့တယ်။ ကျွန်တော် တို့နဲ့ အတူ တက်တက်ကြွကြွ ပါဝင်လှုပ်ရှားခဲ့ကြတယ်။ ဒီလှုပ်ရှားမှု တွေ ကြောင့် ပဲ နိုင်ငံတကာကပါ ‘၈၈ မျိုး ဆက် ကျောင်းသားများ ’ ဆိုတာကို အသိအမှတ်ပြုအလေးထားလာခဲ့ကြရတယ်။ ဒီလိုနဲ့ပဲ ၁၁-၁-၂၀၀၇နေ့မှာ အဖမ်းခံထားရတဲ့ ၈၈ မျိုး ဆက် ကျောင်းသားခေါင်းဆောင် ၅ ယောက် ပြန်လွတ်လာကြတယ်။ ကိုယ့်အင်အားစုတွေ နဲ့ လူထုကြားထဲမှာ နိုင်ငံရေး နိုးကြားမှု အရှိန်ရနေပြီ ဖြစ်လို့ လွတ်မြောက်လာသူတွေ နဲ့အတူ White Sunday Campaign အဖြူရောင် တနင်္ဂနွေ လှုပ်ရှားမှု ၊ အင်္ကျီအဖြူရောင် တွေ ဆင်တူဝတ်ဆင်ပြီး နိုင်ငံရေး အကျဉ်းသား မိသားစုတွေ ဆီကို သွားရောက်အားပေး ဂုဏ်ပြုကြတာကိုဆက်လုပ် ဖြစ်ကြတယ်။ ၂၀-၅-၂၀၀၇ နေ့မှာ အောင်မြင်စွာ ပြီးဆုံးခဲ့တယ်။



NLD ရုံးချုပ်တွင် ကျင်းပသော နိုင်ငံရေးအခမ်းအနားတစ်ခုသို့ တက်ရောက်နေကြစဉ်



၂၀၀၇ ခုနှစ်၊ ရုံးချုပ်တွင် ကျင်းပသော နိုင်ငံရေးအခမ်းအနားတစ်ခုသို့ တက်ရောက်နေကြသည့်
၈၈ မျိုးဆက်ကျောင်းသားများအဖွဲ့မှ အမျိုးသမီးများ

# ရှစ်ဆယ့်ရှစ်မျိုး ဆက် ကျောင်းသားတွေ ကို ဖမ်းဆီးမယ့်သတင်း

## (မေ-ဇွန် ၂၀၀၇)



၂၀၀၆ ခုနှစ် ၅ ယောက် အဖမ်းခံထားရချိန် ဆက်သွယ်ဆောင်ရွက်ရန် တိုင်ပင်ဆွေးနွေးနေကြစဉ်။
ကိုသုံးထွေးယ်ကျော်၊ ကိုကျင်မီ၊ ကိုမျိုးသန့်၊ ကိုပမ္မါတ်ထွန်း၊ ကိုညာထီထင်၊ ကိုအောင်သူ။




အဖမ်းခံထားရတဲ့ ၈၈ မျိုးဆက်ကျောင်းသားခေါင်းဆောင် ၅ ဦးအတွက် ရည်စူးပြီး လှူဒါန်းခဲ့တဲ့ မစုစုနွေးရဲ့ ထမင်းချိုင့်ခြင်းတောင်းအလှူ

၂၇-၉-၀၆ နေ့ကစပြီး ခေတ္တဖမ်းဆီးခံထားရတဲ့ ကိုပေါ်တို့ ငါးယောက် (ကိုမင်းကိုနိုင်၊ ကေကျူ့ကိုကိုကြီး၊ ကိုဌေးကြွယ်၊ ကိုမင်းဇေယျ၊ ကိုပြုံးချို) ၁၁-၁-၀၇ နေ့မှ ပြန်လွတ်တယ်။ သူတို့အဖမ်းခံထားရချိန်မှာ လုပ်လက်စ ဖြစ်တဲ့ ‘ရင်ဖွင့်ပေးစာ လှုပ်ရှားမှု ’ (Open Heart Letter Campaign)ကို ဆက်လုပ် ကြတယ်။ သူတို့တစ်တွေ လွတ်လာပြီးမှ စလုပ် ဖြစ်တာက နိုင်ငံရေး အကျဉ်းသား မိသားစုတွေ ဆီ တနင်္ဂနွေနေ့တွေ မှာ အိမ်တိုင်ရာရောက်သွားပြီး အားပေးကြတဲ့ ‘အဖြူရောင် တနင်္ဂနွေလှုပ်ရှားမှု ’ (White Sunday Campaign)။ ဒီလှုပ်ရှားမှု ကို မတ်၊ ဧပြီ၊ မေ သုံးလ ဆက်တိုက် တနင်္ဂနွေနေ့တိုင်းမှာ အောင်မြင်စွာ လုပ် ဖြစ်တယ်။ ဒီအဖြူရောင် တနင်္ဂနွေ လှုပ်ရှားမှု လုပ်နေစဉ်မှာ ပဲ ရှယ်ဆယ့်ရှစ် တစ်အုပ်စုလုံးကို ဖမ်းတော့မယ်ဆိုတဲ့ သတင်းထွက်လာတယ်။ အဆင့် ဆင့် ဖမ်းမှာ တဲ့။ ရှယ်ဆယ့်ရှစ်တွေ ပြီးရင် NLD ထဲက တက်ကြွသူတွေ ကိုပါ ဖမ်းမယ်။ စုစုပေါင်း လူ ၅၀၀ လောက်အထိ ဖမ်းမှာ ဆိုပြီး သတင်းထွက်လာတာ။ သတင်းစထွက်လာတာက တာမွေ NLD လူငယ်အုပ်စုဆီကပဲ။

ဘယ်သူပြောသလဲဆိုတာတော့ မမှတ်မိတော့ဘူး။ ပြည်ပမှာ ရောက်နေကြတဲ့ သူငယ်ချင်းတွေ ကလည်း သူတို့ရဲ့ ပြည်တွင်းအဆက်အသွယ်တွေ ဆီက တစ်ဆင့်သတင်းကြားလို့ ကြိုအသိပေးကြတယ်။ သေချာတယ်လို့လည်း အခိုင်အမာ ဆိုကြတယ်။

မကြာခင်မှာ ပဲ စုစုနွေးတို့ ဝတ်ပြုဆုတောင်းသူတွေ အင်းစိတ်စော်ဘွားကြီးကုန်းမှာ အဖမ်းခံရတယ်။ စုစုနွေး အပါအဝင် NLD လူငယ်တွေ ၁၅ ယောက် လောက် ရှိမယ်ထင်တယ်။ အဲဒီ ရက်တွေ မှာ ကျွန်တော် ရန်ကုန်မှာ မရှိဘူး။ ကိုဆန်နီနဲ့ အတူ မန္တလေးမှာ ရောက်နေတယ်။ ဇွန်လဆန်းမှာ တော့ စုစုနွေးနဲ့ တချို့ လူငယ်တွေ ပြန်လွတ်လာကြတယ်။

စုစုနွေးတို့ ပြန်လွတ်လာခါနီး မှာ ပဲ ရစ်ဆယ့်ရစ်ခေါင်းဆောင်တွေ ထဲက တချို့ ကို အာဏာပိုင်တွေ က အနီးကပ် စောင့်ကြည့်လာကြတယ်။ သိရသလောက်ဆိုရင် မင်းကိုနိုင်၊ ကိုကိုကြီးကိုဌေးကြွယ်၊ ကိုမြအေး၊ ကိုဂျင်မီ၊ ကိုပဏ္ဍိတ်ထွန်းနဲ့ ကျွန်တော် တို့ ၇ ယောက် ။ ကျွန်တော် တို့ရဲ့ အိမ်အနီးဝန်းကျင်တွေ မှာ SB တွေ က ဆိုင်ကယ် ကိုယ်စီနဲ့ မိုးလင်းက မိုးချုပ် အတော် ညဥ့်နက်သည်အထိစောင့်ကြည့်နေကြတယ်။ ဆိုင်ကယ်တစ်စီး (သို့မဟုတ်) နှစ် စီး၊ သုံးစီး အမြဲရှိနေကြတယ်။ ကျွန်တော့် အိမ်ကို ဆိုရင် ဓာတ်မီးတိုင် တစ်တိုင်စာလောက်ခြားတဲ့ လမ်းထိပ်က ဈေးဆိုင်လေးတွေ အနားမှာ စောင့်ကြည့်တယ်။ ကျွန်တော် နဲ့ တစ်ရပ်ကွက်တည်း ဖြစ်တဲ့ ကိုကိုကြီးကို ကန်ထရိုက်တိုက်အောက်ကစားသောက်ဆိုင်လေးက ကြည့်ကြတယ်။ မင်းကိုနိုင်ကိုတော့ သူ့အိမ်ဘေးနား ရပ်ကွက်ဓမ္မာရုံရှေ့ကနေ စောင့်ကြည့်ကြတယ်။ အိမ်က ထွက်တဲ့သူတွေ ကို စောင့်ကြည့်ရုံသာမကဘဲ နောင်မှာ ကိုယ်ဘယ်ကိုသွားသွား အနောက်ကနေ ဆိုင်ကယ်နဲ့ တကောက်ကောက် လိုက်လာကြတယ်။ ပြီးတော့သူတို့က ဆံပင်ညှပ်ဆိုင်ထဲ ဝင်ထိုင်နေလိုက်ကြသေးတယ်။ Taxi စီးလည်း ပါလာတာပဲ။ စက်ဘီးနဲ့ထွက်ရင်လည်း ပါလာတာပဲ။ အနှောင့်အယှက် ဖြစ်ရပေမယ့် ကျွန်တော် ကတော့ ဒီအပေါ် အရေး လုပ်မနေခဲ့ပါဘူး။ ကိုယ်သွားစရာ လာစရာရှိတာ သွားလာတာပါပဲ။ ကိုယ်တွေ ကလည်း

ဘာလို့ ဗုက်ယူဂျီဖောက်ခွဲရေး ၊ ဘာအကြမ်းဖက်မှု လုပ်နေတာမှ မဟုတ်ဘဲ။

ဒီအပေါ်မှာ ကိုပေါ်နဲ့ K(ကေကျူ) ကတော့ နည်းနည်း ဒေါကန်ကြတယ်။ ကိုပေါ်က တော့ သူ့အိမ်အနီးမှာ စောင့်ကြည့်နေတာတွေ ့ရင်၊ သူ့အနောက်ကို လိုက်လာတာတွေ ့ရင် မျက်နှာနီရဲနေတာကလွဲပြီး ဘာမှ မတုံ့ပြန်ပါဘူး။ K3 (ကေကျူ)က နည်းနည်း ပိုတယ်။ သူ့အနောက်ကနေ လိုက်လာရင် သူက နောက်ပြန်လှည့်ပြီး အကျိုးအကြောင်း သွားပြောလေ့ရှိတယ်။ K (ကေကျူ) အဲလိုဒေါ်နဲ့ မောနဲ့ ပြန်လှည့်ရင် ဆိုင်ကယ်သမားတွေ က မျက်နှာချင်းအဆိုင်မခံဘဲ ခပ်လှမ်းလှမ်းအထိ ပြန်လှည့်သွားကြတာ များ ပါတယ်။ တစ်ကြိမ်မှာ တော့ အဲလိုပြန်လှည့်မသွားကြဘဲ အနောက်ကနေတကောက်ကောက် ဆက်ပါလာလို့ ရပ်ကွက်ရုံးထဲဝင်ပြီး တိုင်းချက်ဖွင့်ပါသေးတယ်။ အဲဒီ နေ့မှာ မီးမီးနဲ့ လေးလေးမွန်တို့လည်း ပါကြတယ်။ ကျွန်တော် ကတော့ အဲလိုတွေ မတုံ့ပြန်စေချင်ဘူး။ အရောဝင်ရာကျပြီး ဆန့်ကျင်နောင့်ယှက်ရာလည်း ကျပါတယ်။ ကျွန်တော့် သဘော ကတော့ သူ့အလုပ်သူ လုပ်ပါစေ။ ကိုယ်လည်း ကိုယ့်အလုပ် အပျက်မခံဘဲ ဆက်လုပ် ပေ့ါ။ သွားလည်း အရောမဝင်ဘူး။ မလိုမုန်းထား ဆန့်ကျင်တာမျိုးလည်း မလုပ်ချင်ဘူး။

ဒါပေမဲ့ ကျွန်တော် လည်း တစ်ခါတလေတော့ စိတ်ပေါက်ပေါက်နဲ့ ညစ်ခဲ့ဖူးပါတယ်။ နေ့စဉ်နဲ့ အမျှစိတ်အနှောင့်အယှက် ဖြစ်နေရတာ ကိုး။ တစ်ကြိမ်က ဧွန်လကုန်ပိုင်းလောက်မှာ ။ တစ်နေ့ခင်း၊ တာမွေက သူငယ်ချင်းတွေ ဆီကို သွားမယ့် စက်ဘီးနဲ့ ထွက်လာတယ်။ ထုံးစံအတိုင်း ဆိုင်ကယ်တစ်စီးနဲ့ လူနှစ် ယောက် လိုက်လာကြတယ်။ ဆိုင်ကယ်မောင်းတဲ့လူကိုတော့ သိတယ်။ ၆၅ကိုသော် တာရဲ့ ချာတိတ် တစ်ယောက် ပဲ။ အသက်အစိတ်လောက်၊ အသားဖြူဖြူ ရုပ်ရည်သန့်သန့် လေး၊ ကျွန်တော် က ပုံမှန်ဆိုရင် ဝေဇယန္တာလမ်းမကနေ ဘောက်ထော်ထဲဖြတ်ပြီး တာမွေကို သွားနေကျပါ။ အဲဒီ နေ့ ကတော့ စိတ်ပေါက်ပေါက်ရှိလှတာနဲ့ ဘောက်ထော်ထဲကို မဝင်တော့ဘဲ သုဝဏ္ဏအားကစားကွင်းလမ်းဆုံအထိ ဆက်နင်းလိုက်တယ်။ မီးပွိုင့်လွတ်တော့ တာမွေလေး ခုံးကျော်တံတား ဘက်ချိုး ကွေ့။ ခုံးတံတားပေါ်မတက်ဘဲ တံတားဘေးကနေ

ရထားသံလမ်းတွေ ဆီ နင်းသွားလိုက် တယ်။ ရထားသံလမ်းတွေ ဆီ ရောက်တော့ စက်ဘီးကို မကျော်ပြီး မေတ္တာညွန့်ရပ်ကွက်ထဲ ဆက်နင်းတယ်။ သူတို့လည်း ရထားသံလမ်းမှာ ဆိုင်ကယ်ကို ဆင်းတွန်းပြီး မေတ္တာညွန့်ထဲ အထိ ဆက်လိုက်လာတယ်။ ဟိုတစ်နေ့က မေတ္တာညွှန့်ထဲက ကျွန်တော် ပြန်လာတော့ မြောင်းကူးတံတားပြင်နေတာကို မြင်ခဲ့ရတယ်လေ။ နှစ် နေရာတောင်မှ။ ဒါကြောင့် အဲဒီ လမ်းကိုပဲ ရွေးပြီးနင်းသွားတယ်။ မီးရထားလမ်းနဲ့ ယှက်ရက် လမ်းတစ်လမ်းပဲ။ သူတို့လည်း ဆက်လိုက်လာတယ်။ ထင်တဲ့အတိုင်းပဲ တံတားကအခုမှ ကွန်ကရစ်လောင်းနေတုန်း။ ဘေးနားမှာ တော့ ဝါးလုံးလေး ၃၊ ၄ လုံးကို ပူးပြီး ယာယီလူကူး တံတား လုပ်ပေးထားတယ်။ ကျွန်တော် ကတော့ အေးဆေးပေါ့။ စက်ဘီးကိုမ အဲဒီ ဝါးတံတားလေးတွေ ခနော်ခနဲ့ပေါ်က ဖြတ်လျှောက်ပြီး ဆက်နင်းသွားတယ်။ ဟို နှစ် ယောက် ကတော့ ဆိုင်ကယ်ကိုရှေ့ တစ်ယောက် နောက် တစ်ယောက် မ ပြီး ကူးဖို့ လုပ်နေရစ်ကြတယ်။ မကြာပါဘူး 'ဝုန်း' ဆိုတဲ့ အသံကြားလို့ လှည့်ကြည့်တော့ ဆိုင်ကယ်ရော၊ လူတွေ ရော မြောင်းထဲမှာ ၊ မှတ်ကရောပေါ့။

နောက်တစ်ခါက ကျွန်တော် ရယ်၊ ကိုပေါ်ရယ်၊ ကေကျူ့ရယ်။ သုံးယောက် သား ကိုမြအေးအိမ်ကို သွားကြမလို့ ထွက်လာတော့ ရတနာလမ်းမပေါ်မှာ ဆိုင်ကယ် သုံးစီး လိုက်လာ တယ်။ ကေကျူ့ က ထုံးစံအတိုင်း နောက်ပြန်လှည့်တော့ ဆိုင်ကယ်တွေ က ခပ်လှမ်းလှမ်းအထိ ပြန်လှည့်သွားကြတယ်။ ဒါပေမဲ့ လျှောက်လိုက်လာမှာ သေချာနေတော့ ကျွန်တော် တို့ သုံးယောက် ဆိုက်ကားတစ်စီး ငှားစီးပြီး (ရတနာမြိုင်) ရိပ်သာထဲမှာ ၁၅ မိနစ်လောက်လှည့်ပတ်ပြီး စီးနေလိုက် တယ်။ ဟိုလမ်းကြားဝင်လိုက်၊ ဒီလမ်းကြားကထွက်လိုက်ပေါ့။ ဒီတော့မှ ဆိုင်ကယ်တွေ လည်း မျက်ခြေပြတ်သွားတယ်။ ဆိုင်ကယ်သုံးစီးကို ဆိုက်ကားတစ်စီးနဲ့ ခြေရာဖျောက်နိုင်ခဲ့တာ အံ့သြစရာပါ။ ဝေဇယန္တာလမ်းမကြီးပေါ်မှာ ဆိုင်ကယ်သုံးစီး ဟျာယာခတ်နေကြတာကို ကျွန်တော် တို့က အိမ်တွေ ကြားထဲ သစ်ပင်တွေ ကြားထဲ ချုံတွေ ကြားထဲကနေ လှမ်းမြင်နေရတာ အတော် ကို အူမြူး ချင်စရာပါ။ပြီးတော့မှ ဘောက်ထော်စိုက်ခင်းတွေ ကြားထဲကနေ ကျွန်တော် တို့ ကုန်းကြောင်းဖြတ်၊ ရေတွေ ထဲဖြတ်။ ပြည်သာယာလမ်းပေါ်ကျမှ Taxi နဲ့ ကိုမြအေးဆီ

သွားကြတယ်။

နောက်တစ်ကြိမ်က ဩဂုတ်လဆန်းလောက်မှာ ။ ကျောက်မြောင်းထဲက အလုပ်ခန်းရှိရာကိုသွားမလို့ Taxi စီးရင် ထက်ကြပ်မကွာပါလာမှာ စိုးတာနဲ့ ဘတ်စ်ကားစီးတယ်။ မိုက်ပူလို့ခေါ်တဲ့စစ်လက်ကျန်ဘတ်စ်ကားကြီး။ အဲဒါကို ဆိုင်ကယ်နှစ်စီးနဲ့ လိုက် ဖြစ်အောင် လိုက်လာကြတယ်။ ကားမောင်းနေတဲ့ လမ်းတစ်လျှောက်လုံးမှာ ရော၊ မှတ်တိုင်တွေ ရော ကားရပ်ရင်ရော ဘတ်စ်ကားရဲ့ ရှေ့ပေါက်နဲ့ နောက်ပေါက်မှာ ဆိုင်ကယ်တစ်စီးစီ ညှပ်ပြီး လိုက်နေတာ။ ဒရိုင်ဘာနဲ့ စပယ်ယာတောင် မကြားတကြား ပွစိပွစိပြောပြီး ဒေါကန်နေကြတယ်။ လူစည်ကားရှုပ်ထွေးတဲ့ တာမွေယာဉ်ဈေးမှတ်တိုင်မှာ ကျွန်တော် ဆင်းမလို့ ကြံသေးတယ်။ ကိုယ်တကယ်ဆင်းရမဲ့ မှတ်တိုင်နဲ့ နည်းနည်းဝေးပေမယ့်မျက်ခြေဖြတ်လို့ရမယ်ဆိုရင် ဆင်းပြီးလျှောက်မယ်ပေါ့။ အဲဒီ အလုပ်ခန်းကိုတော့ သူတို့တစ်တွေ မသိစေချင်းဘူး။ မသက်ဆိုင်တဲ့ မိသားစုတွေ ထိခိုက်နစ်နာမှာ စိုးလို့ပါ။ ဆင်းလို့မရတာ နဲ့ ကားခ ထပ်ပေးပြီးဆက်စီးတယ်။ အခြေအနေ ပေးတဲ့ မှတ်တိုင်ကြရင် ဆင်းမယ်ပေါ့။ ဒါပေမဲ့ လုံးဝကို အလစ်မပေးကြပါဘူး။ မြို့ ထဲရောက်တဲ့အထိ ပါလာကြတယ်။ ဒါနဲ့ ပန်းဆိုးတန်းမှာ ဆင်း။ ၃၅ လမ်းထဲကနေဝင်ပြီးမြို့ တော် ခန်းမကို ပတ်လျှောက်ပစ်လိုက်တယ်။ အချိန် ကတော့ အချိန်ကောင်း။ ညနေစောင်းနေပြီမို့မြို့ ထဲမှာ လူအရှုပ်ဆုံးအချိန်။ အသားဖြူဖြူနဲ့ လူငယ်က ဆိုင်ကယ်ကို သူ့အဖော်နဲ့ အတူ ထားခဲ့ပြီးခပ်လှမ်းလှမ်းကနေ လမ်းလျှောက်လိုက်တာတယ်။ ကျွန်တော် လည်း မြို့ တော် ခန်းမကို ဖြတ်၊ ၃၄လမ်း ကနေ ပြန်ထွက်၊ အနော်ရထာလမ်းမပေါ် ပြန်တက်ပြီး လူရှုပ်နေတဲ့ ဒီဂျစ်တယ် ဓာတ်ပုံဆိုင် တစ်ဆိုင်ထဲကို လှစ်ခနဲ ဝင်နေလိုက်တယ်။ ဒီဓာတ်ပုံဆိုင်က ကိုယ်ကူးနေကျ ဆိုင်မို့ စာရေး မလေးတွေ နဲ့တောင် ရင်းနှီးနေပြီးသား။ ဓာတ်ပုံအပ်ထားတာတွေ လည်း ရှိတော့ ရများ ရပြီလား ဆိုပြီး ဝင်မေးတဲ့ပုံစံပေါ့။ အဲဒါ အတော် မှန်သွားတယ်။ ဟို တစ်ယောက် လုံးဝ မျက်ခြည် ပြတ်ပြီး ဟိုကြည့် ဒီကြည့်နဲ့ ဆိုင်ကို ကျော်သွားတယ်။ သူကျော်သွားတော့မှ Taxi တစ်စီးပေါ် အမြန်ပြေးတက်ပြီး ကျောက်မြောင်းကို ပြန်လာရတယ်။ မှတ်ကရော။

နောက်နေ့ကျတော့ အဲဒီ ဒ၅ က ကျွန်တော် တို့လမ်းထိပ်က စျေးသည်တွေ ကို ပြော တယ်။

“အဲဒီ လူဗျာ တော် တော် လျင်တယ်၊ မြို့ ထဲမှာ ဘယ်လိုပျောက်သွားမှန်း မသိဘူး၊ ကျွန်တော် အဆူခံရတယ” တဲ့။

အဲဒီ အတွက် စိတ်မကောင်းပါဘူး။ ကိုယ်ကလည်း အကျပ်အတည်း ဖြစ်နေတဲ့ အချိန်မဟုတ်လား။ ဒါပေမဲ့ ဘာ ဖြစ်လို့များ အဲဒီ လောက်အထိ အသည်းအသန် လိုက်နေကြရတာ လဲ။ ဘာအမိပ္ပာယ်လဲ။

တစ်ခါတလေ ကျွန်တော် တို့ ၈၈ တွေ အစည်းအဝေးရှိလို့ ဖြစ် ဖြစ်၊ အခြားကိစ္စနဲ့ပဲ ဖြစ် ဖြစ် တစ်ယောက် ယောက် ရဲ့ အိမ်မှာ လူစုမိကြတဲ့အခါ သူ့နောက် ကိုယ့်နောက်ကနေ ပါလာကြတဲ့ ဆိုင်ကယ်တွေ ဟာ ၇ စီး ၊ ၈ စီးလောက်ရှိတယ်။ NLD ရုံးချုပ်မှာ အခန်းအနား သွားတက်တဲ့အခါမျိုး ဆို သူတို့ ဆိုင်ကယ်တွေ ၁၀ စီး၊ ၁၅ စီးနဲ့တင် ရှုပ်ယှက်ခတ်နေပါတယ်။ ဘာသဘောတွေ လဲ။ ဘာလုပ်ကြမလို့လဲ။

ဒီကိစ္စနဲ့ ပတ်သက်ပြီး ကျွန်တော် တို့လည်း ဆွေးနွေးသုံးသပ် ဖြစ်ကြပါတယ်။ စဉ်းစားသုံးသပ်လို့ရသလောက်က ....

(၁) တခြားသူတွေ ကိုယ့်အနား မကပ်ရဲအောင်

(၂) ကိုယ်တိုင်လည်း နိုင်ငံရေး ဆက်မလုပ်ရဲအောင်

(၃) ဖမ်းတော့မှာ ပဲထင်ပြီး (ပြည်ပ) ကို ထွက်ပြေးအောင်

(၄) ဖမ်းတော့မှာ မို့ ကြိုပြင်နေတာ။

တကယ်တမ်းမှာ တော့ ဘယ်အတွက်ကြောင့် ဖြစ် ဖြစ် ကျွန်တော် တို့မှာ ဘာမှ လမ်းကြောင်းပြောင်းစရာ မရှိပါဘူး။ တိုင်းပြည်အတွက်၊ ဒီမိုကရေစီရေး အတွက် လုပ်သင့်လုပ်ထိုက်တယ်လို့ ယုံကြည်ရာကို ဘယ်သူ့ ဘယ်သူမှ ထိခိုက်နစ်နာစေလိုမှု မပါဘဲ ဖြူဖြူစင်စင် လုပ်နေကြတာပါ။ ထောင်ထဲကို နောက်တစ်ကြိမ် ပြန်ရောက်ရမှာ

မကြောက်ကြပေမယ့် တမင်တကာ မဖမ်း၊ ဖမ်းအောင် လုပ်နေကြတာလည်း မဟုတ်။ လူထုကို ဆူပူအောင် လှုံ့ဆော်နေကြတာလည်း မဟုတ်။အတတ်နိုင်ဆုံး သိမ်သိမ် မွေ့မွေ့ ထိန်းထိန်းသိမ်းသိမ်းနဲ့ လျှောက်လှမ်းနေကြတာပါ။ အဖမ်းခံရမှာ ကို ကြောက်လန့်ပြီး ပြည်ပနယ်စပ်ကို ထွက်ပြေးတိမ်းရှောင်သွားကြမယ့်သူတွေ လည်း မဟုတ်ပါဘူး။(နေတင်မြင့် ထွက်သွားတာ ကတော့ အဲဒီ ကာလမတိုင်ခင် မေ ၂၀ ရက်လောက် ကတည်းကပါ။) ဒါကိုမှ ကျွန်တော် တို့ကို ဖမ်းမယ်ဆီးမယ်ဆိုရင်လည်း အာဏာပိုင်တွေ ရဲ့ သဘောပါပဲ။ ဒီတော့ ကျွန်တော် တို့လည်း ရှောင်တာတိမ်းတာတွေ ၊ နောက်တွန့်ရွံ့ဆုတ်သွားတာတွေ မရှိဘဲ ကိုယ့်လမ်းကိုယ်ပုံမှန်ပဲ ဆက်လျှောက် ဖြစ်ကြပါတယ်။

ကျွန်တော် တို့အတွက် အခြေအနေ သိပ်မကောင်းတော့ဘူးလို့ သုံးသပ်ရနိုင်တာ တစ်ခု ကတော့ ‘ကိုသော် တာ’ ကို အကျယ်ချုပ် ချထားလိုက်ပြီဆိုတာပါပဲ။ ကိုသော တာဆိုတာ ၈၈ နဲ့ ပြည်ထဲရေး ဝန်ကြီးဌာန ကြားမှာ ဆက်သွယ်ဖို့ တရားဝင် တာဝန်ပေးထားခဲ့ဖူးတဲ့ ၆၅ က တပ်ကြပ်ကြီး တစ်ယောက် ပါ။ ၈၈ နဲ့ သူနဲ့ ဆက်ဆံရေး ခိုင်မာနက်ရှိုင်းလာချိန်၊ ၈၈ တွေ အပေါ် ခင်မင်လေးစားမှု နဲ့ ယုံကြည်မှု တွေ ပိုလာတာ သိတဲ့နောက်ပိုင်း သူ့ရဲ့ ဆက်သွယ်ရေး တာဝန်ကို အရုပ်သိမ်းခံခဲ့ရသူပါ။ နောက်ပိုင်းမှာ တော့ ၈၈ ကိုတရားမဝင် ခိုးဝှက်ပြီးတော့ပဲ ဆက်သွယ်နိုင်ခဲ့သူပါ။ ၈၈ တွေ ကိုလည်းအကူအညီတွေ အများ ကြီးပေးခဲ့သူပါ။ အခုတော့ သူ့ကို အကျယ်ချုပ်ထားတဲ့အဆင့်ထိ ရောက် သွားပါပြီ။



ဝတ်ပြုဆုတောင်းအပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် နိုင်ငံရေးအကျဉ်းသားအားလုံး လွှတ်မြောက်စေရန် ရည်ရွယ်၍ ငြိမ်းချမ်းရေးခရီးရှည်များ လျှောက်နေစဉ်(၂၁၊၈၊၀၇ ရန်ကုန်)

ဓာတ်ငွေ့ ဓာတ်ဆီဈေးနှုန်း တိုးမြှင့်ခြင်း

ဒီလိုအခြေအနေမျိုး မှာ ပဲ ၅.၈.၀၇ နေ့မှာ အစိုးရက ဓာတ်ငွေ့ ၊ ဓာတ်ဆီ ဈေးနှုန်းတွေ ကို အဆမတန် မြှင့်တင်လိုက်ပါတယ်။ ၄.၈.၀၇ ရက်နေ့ ညသန်းခေါင်မှာ ဆီဆိုင်တွေ ဆီ ညွှန်ကြားချက်ဝင်လာတာလို့ သိရပါတယ်။ ဒီတော့ ရန်ကုန်တစ်မြို့ လုံး လှုပ်လှုပ်ရွရွ ဖြစ်သွားကြတယ်။ ကျွန်တော် တို့ တစ်ဖွဲ့လုံးလည်း အံ့အားသင့်နေကြတယ်။ အဲဒီ မနက်မှာ ကျွန်တော် ၁၀၅ ဒိုင်နာကို ခေါင်းခန်းကစီးတော့ ခေါင်းခန်းထဲမှာ ကားပိုင်ရှင်ပါ လိုက်လာတယ်။ ပြဿနာ ဖြစ်မှာ စိုးလို့ ကိုယ်တိုင် လိုက်လာတာတဲ့။ ကားမထွက်လို့လည်း မရဘူး။ မလိုအပ်ဘဲ ဝပ်ရှော့ပို့ရင်လည်း လိုင်စင်သိမ်းမယ်လို့ပြောတယ်။ ကားခတွေ တိုးတောင်းတဲ့အခါ မပေးချင်တဲ့သူတွေ ဆီက အတင်းအကျပ် တောင်းမယူဖို့သူ့ ဒရိုင်ဘာနဲ့ စပယ်ယာကို တဖွဖွ မှာ နေပါတယ်။ ခေါင်းခန်းက စီးလာတဲ့ ကျွန်တော့် ကိုလည်း မတတ်သာလို့ ကားခ တိုးယူရတာ ကို တစ်လမ်းလုံး တောင်းပန်နေပါတယ်။ လူအများ စု၊ သာမန် လက်လုပ်လက်စား လူတန်းစားတွေ အခက်အခဲ ဖြစ်ရပြီပေါ့။ ပိုပြီး ကျပ်တည်းကြရပြီပေါ့။ ခရီးသည်တွေ ၊ ဈေးသည်တွေ ကားသမားတွေ ၊

လမ်းသွားလမ်းလာတွေ ရဲ့ မကျေမနပ် မြည် တွန်တောက်တီး ပွစိပွစိ စကားသံတွေ ကို အဲဒီ နေ့ကစပြီး မပြတ် ကြားနေခဲ့ရပါတယ်။

"နိုင်ငံခြားကို ခါတ်ငွေ့တွေ နင်းကန်ရောင်းစားနေမှတော့ ဈေးတက်တော့မှာ ပေါ့"

"အစိုးရမှာ ဘတ်ဂျက်လိုငွေပြနေလို့ ဈေးတက်တာ ဖြစ်မယ်"

"သူတို့တစ်တွေ ဘတ်စ်ကား တိုးမစီးရတိုင်း ကားခတွေ ဈေးတက်အောင် လုပ်နေတာ"

"သက်သက်မဲ့ လူတွေ ကို ဒုက္ခ မရောက်ရောက်အောင် လုပ်တာ"

"ပိုက်ဆံ ဒီလောက်လိုချင်နေရင် ဝါဇီစက်ရုံကြီးတစ်ခုလုံး သူတို့လက်ထဲမှာ ရှိနေတာပဲ၊ ရိုက်ထုတ်ပေါ့"

"ဒါ ကျွန်တော် တို့ ကားသမားတွေ နဲ့ ခရီးသည်တွေ ကို တမင်ရန်တိုက်ပေးတာ"

"လူတွေ မဆူ၊ ဆူအောင် သက်သက်လုပ်တာ"

လူထုရင်ထဲမှာ မကျေနပ်မှု တွေ ကတော့ တနင့်တပိုး ဖြစ်နေကြပြီ။ ကျွန်တော် တို့ ရဲတွေ ဘာလုပ်ရမလဲ။

အဲဒီ အချိန်မှာ ကိုထင်ကျော်ကလည်း ၂၂.၈.၀၇ နေ့မှာ တစ်ကိုယ်တော် ဆန္ဒပြမယ် ဆိုပြီး ကြိုတင်ကြေညာသွားခဲ့တယ်။ ကျွန်တော် တို့ ကတော့ ကိုထင်ကျော်လုပ်ရပ်အပေါ် ဆန့်လည်းမဆန့်ကျင်ဘူး။ ပူးပေါင်းပါဝင်မှု လည်း မလုပ်ဘူး။ ပြည်ပအင်အားစုတွေ ကတော့ အဝေးကနေပြီး စွတ်ဖွနေကြတာပဲ။ အင်တာနက်ထဲမှာ လည်း လှုံ့ဆော်စာတွေ ပလူပျံနေတာပါ။ လုပ်ကြံထားတဲ့ ကြေငြာချက်တွေ က ပါသေးတယ်။ အဲဒီ ထဲမှာ မှ လုပ်ကြံထားတဲ့ ကြေငြာချက်တစ်ခုက အတော် အသံ ထွက်လာပါတယ်။ ၂၄.၈.၀၇ နေ့မှာ မြို့ တော် ခန်းမရှေ့မှာ စုရုံးဆန္ဒပြမယ့် အကြောင်း၊ သရုပ်ဆောင် ဒါရိုက်တာ တစ်ဦးကလည်း တက်ရောက် ဟောပြောမယ့်အကြောင်း၊ ရဲ တွေ ကိုလည်း

တက်ရောက်ပါရန်ဖိတ်ခေါ်ကြောင်း ... စတာတွေ ဖွထားတယ်။ သရုပ်ဆောင် ဒါရိုက်တာတစ်ဦးဆိုတာက 'ကျော်သူ'ကို ရည်ရွယ်ပြောပုံရတယ်။ လုပ်ကြံထားတဲ့ ကြေညာချက်ဆိုတာ အသိသာကြီးပါ။ ကိုယ့်အင်အားစုတွေ ထဲက ဘယ်သူမဆို ဖတ်ကြည့်လိုက်တာနဲ့ 'ဒါ အင်ထုပြီး ဖွထားတဲ့ကြေညာချက်' ဆိုတာ သိကြပါတယ်။ ဧဧ တွေ က လုပ်ကြံထားတာ မဟုတ်ဘူး ဆိုတာကိုလည်း မနေ့ တစ်နေ့ကမှ နိုင်ငံရေး လောကထဲ ဝင်လာတဲ့ ချာတိတ်လေးတွေ ကတောင် သိနိုင်ကြပါတယ်။

ဒါကြောင့် ကျွန်တော် တို့ ဧဧ တွေ တင်မက အခြားအင်အားစုတွေ ကတောင် ဒီကြေညာချက်အပေါ်မှာ အလေးအနက် မထားခဲ့ကြပါဘူး။ ဆန္ဒပြပွဲ ပြုလုပ်မယ့် အစီအစဉ်တွေ ကလည်း ကျွန်တော် တို့ဆီမှာ ရှိမနေပါဘူး။ ဒါပေမဲ့ စ.အ.ဖ တွေ ကတော့ ထုံးစံအတိုင်း ဒီသတင်းကို အတည်ယူခဲ့ကြတယ်။ ဟိုက ဒီကနေ လူကိုယ်တိုင် တစ်မျိုး ၊ လူကြုံ နဲ့တစ်ဖုံ၊ ဖုန်းတွေ နဲ့ တစ်နည်း ဆက်သွယ်လာကြပြီး 'ဘာလုပ်ကြမလဲ'၊ 'ကြိုပြောနော်'၊ 'လုပ်ကြရအောင်'၊ 'အဆင်သင့်ပဲ' ဆိုတာတွေ ကို တောင် ကျွန်တော် တို့တစ်တွေ အတတ်နိုင်ဆုံး မယုတ်မလွန် နှစ် သိမ့်ထားခဲ့ကြတာပါ။

'အခြေအနေ စောင့်ကြည့်ပါဦး'၊ 'သိပ်မလောကြပါနဲ့' ဆိုပြီးတော့ပေါ့။

ကျွန်တော် တို့ တစ်တွေ အပြန်အလှန် သုံးသပ်ဆွေးနွေး ဖြစ်ကြတယ်။ ဓာတ်ဆီဈေးနှုန်း၊ဓာတ်ငွေ့ဈေးနှုန်းတွေ မြှင့်တင်တာဟာ မလိုအပ်ဘဲ တမင်လုပ်တာလို့ နားလည်လက်ခံကြတယ်။ ဒါ လူထုကို တမင်ဆွပေးတာ။ ခေါင်းထောင်လာတဲ့သူတွေ ၊ ထကြွလာတဲ့သူတွေ ကို ဆွဲသိမ်းမှာ ပဲ။ နိုင်ငံရေး စိတ်ခံရှိပြီး တက်ကြွလှုပ်ရှားလာမယ့်သူတွေ ပေါ်လာအောင် တမင် အကွက်ဆင်လိုက်တာပဲ။ ဟုတ်တယ်လေ။ မြန်မာကျပ်ငွေနဲ့ ရောင်းနေတဲ့ ဈေးနှုန်းတွေ ကို မက်မက်မောမော်နဲ့ မြှင့်တင်စရာ ဘာအကြောင်းမှ မရှိဘူး။ ဒေါ်လာနဲ့ပဲ ရောင်းချတော့မယ်ဆိုရင်တော့ အဓိပ္ပာယ်တစ်မျိုး ပေါ့။ မ ဖြစ် မနေ ဈေးတင်ရမယ့် အခြေအနေ၊ အကြောင်းရင်းလည်း တစ်ခုမှ ရှိမနေဘူးလေ။ Road Map အဆင့်တစ် ဖြစ်တဲ့ အမျိုး သား ညီလာခံကလည်း ပြီးတော့မယ်။ အဆင့်နှစ် က 'လုပ်သင့်လုပ်ထိုက်သည်များ ကို လုပ်ဆောင်ရန်' တဲ့။ အဲဒါ လူဖမ်းပွဲပဲ ဖြစ်နိုင်တယ်။ ဒါမှသာ

နောင်အဆင့်တွေ ကို အနောင့်အယှက်မရှိဘဲ သူတို့ ချောချောမောမော ဆက်သွားလို့ရမှာ ။ ဒီတော့ အခုပြဿ နာဟာ တမင် ထောင်ချောက်ဆင်တာပဲ ဖြစ်လိမ့်မယ်။ (စက်တင်ဘာအရေး အခင်းအပြီး ဒီဇင်ဘာလထဲမှာ ခေတ်ဆီဈေးနှုန်းတွေ ပြန်ချပေးလိုက်တော့ ဒီယူဆချက် မှန်တယ်ဆိုတာ သေချာ သွားပါတယ်။)

ဒီတော့ တမင်ဆင်ထားမှန်းသိတဲ့ ထောင်ချောက်ထဲကို ဝင်မလား။ လူထု ဆန္ဒကို ငြင်းပယ်မလား။ 'ဒါဟာ တမင်ထောင်ချောက်ဆင်တာပါ' ဆိုတာကို လူထု နားလည်လက်ခံအောင် ရှင်းမလား။ မလွယ်ပါဘူး။ ကျွန်တော် တို့မှာ လူထု မီဒီယာ မရှိဘူး။ ရေဒီယို ၄ လုံးက လွှင့်နေတာတွေ ကလည်း လူထုဆီကို သိပ်ရောက်လှတာ မဟုတ်ဘူး။ လူထုကြားထဲ ကိုယ်တိုင်ဆင်း ရှင်းကြရင်လည်းပိုဆိုးမယ်။ ထောင်ချောက် ကတော့ သိပ်ကို လှပါတယ်။ ရှေ့တိုး တံပိုး၊ နောက်ဆုတ် လှည်းတုတ်ပေါ့။လူထု ဆန္ဒအရ ရှေ့ကနေ ဦးဆောင်ပေးရင်လည်း ထောင်ချောက်ထဲမှာ ကားခနဲ။ မလိုက်ပါရင်လည်းလူထုနဲ့ ကင်းကွာရာ ကျမယ်။ လူထု ဆန္ဒကို ငြင်းပယ်ရာကျမယ်။ လူထု နားလည်အောင် ရှင်းပြခွင့်မရ။ '၈၈ ဆိုတာလည်း အလကားပါ' ဆိုတာ ဖြစ်မယ်။ ဒါတွေ ကို ကျွန်တော် တို့ ၈၈ တွေ အားလုံး တွေ းမိကြပါတယ်။ နားလည်ကြပါတယ်။ ဒါပေမဲ့ အမှန်အတိုင်း ပြောရရင် ကိုယ်လုံ့လစိုက်စရာ မလိုဘဲ လူထုတစ်ရပ်လုံး မခံမရပ်နိုင် ဖြစ်လာတဲ့အပေါ်မှာ သာယာနေကြတဲ့သူတွေ က များ တယ်။ လူထု အလိုကျမျှောလိုက်နေချင်တဲ့သူက များ တယ်။

ဒီတော့လည်း ဘာဆုံးဖြတ်ချက်မှ အသေအချာ မချနိုင်ဘဲ ' အခြေအနေကြည့်ကြသေးတာပေါ့' ဆိုပြီး ယောင်ဝါးနေခဲ့ကြတယ်။ မယုတ်မလွန် ကြေငြာချက် တစ်စောင်ပဲ ထုတ်နိုင်ခဲ့ကြ တယ်။

လမ်းလျှောက်ပွဲ

ဒီအတောအတွင် းမှာ ကိုယ့်အင်အားစုတွေ ဆုံမိကြတဲ့ ပထမဆုံးပွဲက ၁၉.၈.၀၇ နေ့ဦးကြည်မောင် (၃) နှစ် ပြည့် နှစ် ပတ်လည်ဆွမ်းကျွေးပါ။ အဲဒီ နေ့မှာ လည်း ပုံမှန်ပါပဲ။ စုဝေးနေကျ အတိုင်း မနက် ၈း၃၀ လောက် ကိုပေါ်နဲ့ ၊K3 တို့ အိမ်တွေ မှာ လူစုပြီး သွားခဲ့ကြတယ်။ ဦးကြည်မောင်တို့အိမ်ရောက်တော့ ကျွေးတာစား၊ ကင်မရာနဲ့

မှတ်တမ်းပုံတွေ ရိုက်ပေါ့။ အဲဒီ နေ့ကျမှ ကျွန်တော် ကိုင်နေကျ Movie Camera က ဘာပျက်သွားမှန်းမသိဘူး။ ကိုဝင်းမော် (ရွှေသံစဉ်) ကလည်း သူ့ MovieCamera ရိုက်မရဘူးဆိုပြီး လာပြတယ်။ တိုက်တိုက်ဆိုင်ဆိုင်ပဲ ကင်မရာ နှစ် လုံးစလုံးက ပျက်ပုံချင်းပါတူနေတယ်။ ဒါနဲ့ Stay Camera နဲ့ပဲ မှတ်တမ်းပုံတွေ ရိုက်ရတယ်။ ကျွန်တော်တို့ ပြန်ခါနီး ကျတော့ကေကျူ့က 'ဟေ့လူ၊ အပြန်ကျရင် လမ်းလျှောက်ပြီး ပြန်ကြမှာ နော်' လို့ လာပြောပါတယ်။ ကိုပေါ်ရတ်တရက် စီစဉ်လိုက်တာတဲ့။ ထုံးစံအတိုင်း ဘာမှ ကြို တင်စီစဉ်မထားဘဲ 'အာလျတော် အရ' အာရုံလာတာနဲ့ ကောက်ကာငင်ကာ စီစဉ်လိုက်ပုံရပါတယ်။ ကျွန်တော့် အထင် ကေကျူ့ ကတော့ သိပ်သဘောတူချင်ပုံမရပါဘူး။ ဒါပေမဲ့ 'ကိုပေါ် စီစဉ်တာ၊ အတော် များများ ကိုလည်း လိုက်ပြောထားပြီးပြီ၊ သဘောကျကြတယ်' ဆိုတော့ ဘယ်သူလိုက်ဖျက်မလဲ။ ဘယ်လို ပြန်ပြင်မလဲ။ လျှောက်ကြရုံပဲပေါ့။ပြီးတော့ အဲဒီ နေ့ နှစ် ပတ်လည်ပွဲမှာ ရောက်နေကြတဲ့ သူတွေ အများစုကလည်း လျှောက်ချင်နေကြတယ်။ တက်ကြွနေကြတယ်။ စည်းဝေးတိုင်ပင်ပြီး ဆုံးဖြတ်တာလည်း မဟုတ်တော့ ဘယ်သူမှ ကြိုမသိခဲ့ကြပါဘူး။ ကိုပေါ့်ဆန္ဒအရ ကောက်ကာငင်ကာ ဆုံးဖြတ်ပြီးမှ ရောက်နေတဲ့သူတွေ ကို လက်ဆင့်ကမ်း အသိပေးလိုက်တာလေ။ ချီတက်ဆန္ဒပြပွဲ ပုံစံမျိုး သံပြိုင်အော်ဟစ်တာတွေ ၊ လှုံ့ဆော် ကြွေးကြော်တာတွေ မလုပ်ကြဖို့နဲ့ ကိုယ့်လူ သူ့ဘက်သားလုပ်ပြီး တမင် ဆွပေးမယ့် သူတွေ ဝင်မလာအောင်ဘဲ အချင်းချင်း သတိပေးကြရတယ်။

လမ်းလျှောက် ဖြစ်တဲ့အခါ လူ ၃-၄၀ လောက်တော့ ပါလိမ့်မယ်လို့ ထင်ထားတယ်။ ဒါပေမဲ့ ၉ နာရီလောက် တကယ်ထွက် ဖြစ်မယ့်အခါမှာ တော့ လူ ၈၀ - ၁၀၀ လောက် ရှိနေတယ်။

"ဘတ်စ်ကားခတွေ ဈေးကြီးလို့ လမ်းလျှောက်ပြန်ကြတယ်"

ဆိုတဲ့ သဘောပေါ့။ ဦးကြည်မောင်အိမ်ကနေ တာမွေဈေးအထိ လျှောက်သွားမယ်။ လမ်းဘေးပလက်ဖောင်းပေါ်ကပဲ စည်းကမ်းရှိရှိ လျှောက်ကြမယ်။ တာမွေဈေးရောက်တာနဲ့ လူစုခွဲနေကြမယ်ပေါ့။

ဦးကြည်မောင်အိမ်က စထွက်ကတည်းက နှစ် ယောက် တစ်တွဲ ၊ သုံးယောက် တစ်တွဲ နဲ့ စနစ်တကျပါပဲ။ အားလုံးလိုလိုကလည်း အင်္ကျီအဖြူ လုံချည် ရင့်ရင့်တွေ ချည်းပဲ ဝတ်ဆင်ထားကြတာဆိုတော့ တူညီဝတ်စုံတွေ လိုပဲ ကြည့်လို့ကောင်းလှပါတယ်။ ဒါကြောင့်လည်း စနစ်တကျကြိုတင်စီစဉ်ထားတယ်လို့ ထင်ချင်စရာပါ။ Movie Camera က ကိုသိမ်းလွင်တစ်လုံးပဲ အကောင်းရှိတာမို့ ကိုဆန်နီ တစ်လှည့် ကိုသိမ်းလွင် တစ်လှည့် ရိုက်ပါတယ်။ ကျွန်တော့် Stay Camera ကိုတော့ အောင်လတ်ကို ပေးရိုက်ခိုင်းပြီး ကျွန်တော် က လူစုထဲကနေ ဝင်လျှောက်တယ်။ အာဏာပိုင်တွေ ဘက်ကလည်း ပစ်ကပ် အဖြူရောင် ကားလေးတစ်စီးနဲ့ ရှေ့ခပ်လှမ်းလှမ်းကနေ ဖြည်းဖြည်းမောင်းပြီးသတင်းယူမယ်။

ဦးကြည်မောင်အိမ်ရှေ့ကနေ ကမ္ဘာအေးစေတီလမ်းအထိ ကတော့ အေးအေးဆေးဆေးငြိမ်ငြိမ်သက်သက်ပါပဲ။ အခုမှ သိရတဲ့သူတချို့ ကလည်း လမ်းလျှောက်တဲ့လူစုဆီ အပြေးလိုက်လာကြတယ်။ တချို့ ဆိုရင် ဖုန်းသတင်းကြားပြီး Taxi နဲ့တောင် လိုက်လာကြ၊ ပါဝင်လမ်းလျှောက်ကြပါတယ်။ ဒါပေမဲ့ ပါဝင်လမ်းလျှောက်ကြတဲ့သူတွေ အားလုံးလိုလိုက တစ်ယောက် နဲ့ တစ်ယောက် သိဖူးမြင်ဖူးနေကြတဲ့ ကိုယ့်အင်အားစုထဲက လူတွေ ပါပဲ။

ရွှေဂုံတိုင်လမ်းမပေါ်အရောက်မှာ တော့ ကျွန်တော် တို့အထဲက အသံတွေ စထွက်လာပါတယ်။ ဘတ်စ်ကားပေါ်က ခရီးသည်တွေ ၊ လမ်းဘေးက လူတွေ က လှမ်းမေးကြတာကိုး။ 'ဘာလဲ' 'ဘယ်လဲ'၊ 'ဘာလုပ်ကြတာလဲ' ပေါ့။ အဲဒီ တော့လည်း 'ကားခတွေ ဈေးကြီးလို့ လမ်းလျှောက်နေတာကြတာပါ'၊ 'ဓာတ်ဆီဈေးတွေ တက်လို့ လမ်းလျှောက်လာကြတာပါ' ဆိုပြီး ပြန်အော်ကြပါတယ်။စပြီးအော်တာက စိတ်သိပ်မမှန်ဘူးလို့ အများ က ယူဆထားကြတဲ့ သာကေတ NLD က ကိုမင်းသိမ်းပါ။ သူ့ကို တချို့ က တားကြပါသေးတယ်။ ဒါပေမဲ့ ကိုပေါ်က 'အော်ပါစေ၊ ဒါမှန်တာပဲ၊ သူ တခြားဟာတွေ အော်တာမှ မဟုတ်တာ' ဆိုတော့ ကိုမင်းသိမ်းလည်း အားတွေ တက်ပြီး ခဏ ခဏ အော်ပါတယ်ကျန်တဲ့သူတချို့လည်း လိုက်အော်ကြပါတယ်။ ဒါပေမဲ့ သံပြိုင်အော်ကြတာမျိုး ၊ ရပ်ပျက်ဆင်းပျက် အော်ကြတာမျိုး တော့ မဟုတ်ပါဘူး။

ဘတ်စ်ကားပေါ်က ခရီးသည်တွေ ရော၊ ကားသမားတွေ ရော၊ ကျန်တဲ့လမ်းသွား လမ်းလာတွေ ကရော အားပေးကြပါတယ်။ သံဃာတော် ငယ်တွေ အပါအဝင် တချို့ ခရီးသည်တွေ ဆို ကားပေါ်ကကို ဆင်းလာပြီး ကျွန်တော် တို့နဲ့ လာရောက်ပူးပေါင်းလမ်းလျှောက်ကြပါတယ်။ ဒါနဲ့ပဲ လမ်းလျှောက်တဲ့လူစုက ၃၀၀ လောက် ဖြစ် သွားပါတယ်။ တချို့ လည်း မလှမ်းမကမ်းကနေ ခွာလျှောက်ပြီး လိုက်ကြည့်ကြပါတယ်။ ဒီအချိန်မှာ ကျွန်တော် တို့အထဲက ဟန်းဖုန်းတွေ ကို ပြည်ပမီဒီယာတွေ က ဝင်လာပါတယ်။ ဘတ်စ်ကားပေါ်က လှမ်းမေးကြတဲ့အသံတွေ ၊ ကျွန်တော် တို့ဆီက ပြန်ဖြေကြတဲ့အသံတွေ ကို Live အသံ တစ်ခါတည်း ဖမ်းယူကြပါတယ်။ ပြည်ပမီဒီယာတွေ အရမ်းပဲ အံ့သြဝမ်းသာနေကြတယ်။ ဒီလောက်အထိ လှုပ်ရှားခွင့်ရတဲ့အတွက် အံ့သြတာရော၊ သူတို့အတွက် သတင်းကောင်းရလို့ ဝမ်းသာကြတာရောပေါ့။

တာမွေ ပလာဇာ ရှေ့နားရောက်တော့ လမ်းတစ်ဖက်ခြမ်းမှာ ရပ်ပြီး ဟန်းဖုန်းပြောနေတဲ့ နီလာသိန်းကို အိမ်နေရင်းဝတ် အင်္ကျီဖားဖားကြီးနဲ့ လှမ်းတွေ့ရပါတယ်။ နို့စို့ကလေးပေါက်စလေးကို အိမ်မှာ ထားခဲ့ပြီး အခြေအနေ လာကြည့်ပုံရပါတယ်။ တာမွေပလာဇာကို ကျော်လာတော့ အခုမှအိမ်ရာကနိုးပြီး အူယားဖားယား လိုက်လာတဲ့ မီးမီးနဲ့ ဆုံပါတယ်။ သူ့ကို ကြုံမပြောရ ကောင်းလားဆိုပြီး အစ်ကိုတွေ ကို ရန်တွေ့တယ်။ ဘာမှ အစီအစဉ်မရှိဘဲ လျှောက် ဖြစ်ကြောင်း ရှင်းပြရပါတယ်။ ၁၀ နာရီလောက်မှာ လူစည်ကား ရှုပ်ထွေးတဲ့ တာမွေဗလီ ယာယီဈေးရှေ့ကို ရောက်တယ်။ လူစုလူဝေး အကြီးကြီး ဖြစ်သွားပြီမို့ တစ်ယောက် နဲ့ တစ်ယောက် နှုတ်ဆက်ပြီး အမြန်ပဲ လူစုခွဲ လိုက်ကြရတယ်။ ကျွန်တော် က ကိုသိမ်းလွင်ဆီက VIDEO ခွေကို ကူးယူချင်တာနဲ့ သူတို့နဲ့အတူ မြို့ ထဲကိုလိုက်သွားပြီး ရေကျော်ထဲက ကိုဆန်နီအိမ်မှာ Camera ချင်းချိတ်ပြီး အခွေကူးတယ်။ ကိုပေါ်ကလည်းလမ်းလျှောက်နေတုန်းက ကျွန်တော့် ဆီမှာ အပ်ထားတဲ့ သူ့အရေး ကြီးပစ္စည်းတချို့ ပါလာလို့ မကြာခဏ ဖုန်းဆက်ပြီး လှမ်းခေါ်နေတယ်။

နေ့လယ်ပိုင်း ကိုပေါ့်အိမ်ကိုရောက်တော့ ကေကျူ့လည်း ရှိနေတယ်။ ဒီမနက် လမ်းလျှောက် ဖြစ်တဲ့ ကိစ္စနဲ့ ပတ်သက်ပြီး ဘယ်လို အကျိုး သက်ရောက်မှု တွေ ရှိလာ

နိုင်သလဲဆိုတာ ဆက်ပြော ဖြစ်ကြတယ်။ ဒီလိုအချိန်မျိုး မှာ ကိုသော်တာ ရှိနေသေးရင် သိပ်အားကိုးရမှာ ။ အာဏာပိုင်တွေ ဘက်က ဘယ်လိုသဘောထားတယ် ဆိုတာ အရိပ်အမြွက်တော့ သိရမှာ ပဲလေ။ အခုတော့ တစ်ဖက်ရဲ့ တုံ့ပြန်မှု ဘာလဲဆိုတာ ကျွန်တော်တို့အတွက် စမ်းတဝါးဝါး ဖြစ်နေတယ်။ ဒါပေမဲ့ သိပ်ဆိုးဆိုးဝါးဝါးတော့ ဖြစ်လိမ့်မယ်လို့ မထင်ကြပါဘူး။ ကိုယ့်ရပ်တည်ချက်နဲ့ လှုပ်ရှားမှု တွေ က ရှင်းရှင်းလင်းလင်း ရှိနေတာပဲ။ လုပ်စရာရှိတာကိုလည်း တတ်နိုင်သမျှတော့ ပွင့်ပွင့်လင်းလင်း ပြောင်လုပ်နေကြတာပဲ မဟုတ်လား။ 'တိုင်းပြည် ဒုက္ခရောက်အောင် မလုပ်ဘူး၊ အကြမ်းမဖက်ဘူး' ဆိုတာတွေ ကိုလည်း ကိုပေါ်တို့၊ K3 တို့ ပြန်လွတ်လာခါစ ၂၀၀၅ ခုကတည်းက ပွင့်ပွင့်လင်းလင်း ပြောထားခဲ့ကြတာပဲ မဟုတ်လား။ ပြီးတော့ ကိုထင်ကျော် ဆန္ဒပြမယ့် ကိစ္စမှာ လည်း ပူးပေါင်းပါဝင်ကြမှာ မဟုတ်ဘူး ဆိုတာ အားလုံး သိနေကြတာပဲလေ။

အဲဒီ နေ့လယ်မှာ ပဲ မနက်က ရိုက်ခဲ့တဲ့ Movie ကို ကိုပေါ်က ပြန်ကြည့်ချင်ပြီဆိုတာနဲ့ ကင်မရာထဲမှာ ပဲ ပြန်ရစ်ပြီး ဖွင့်ပြလိုက်တယ်။ အတော် ကို ကြည့်လို့လှပါတယ်။ စနစ်တကျလည်း ရှိပါတယ်။ ဆန္ဒပြ ချီတက်ကြတာနဲ့လည်း မတူဘူး။ အပျော်သဘောမျိုး ပေါလောဝါးလား ပုံစံမျိုး လည်း မရှိဘူး။ လူစု လူဝေးတစ်ခု သာမန်လမ်းလျှောက်လာကြတဲ့ အနေအထားအတိုင်းပါပဲ။ မီဒီယာတွေ ထဲမှာ ဒီပုံတွေ ပါလာရင်တော့ သိပ်တန်ဖိုးရှိမှာ ပါ။

# ရှစ်ဆယ့်ရှစ်တွေ ကို ဖမ်းပြီ

# (၂၁-၂၂ .၈.၀၇)



၂၀၀၇ ခုနှစ်၊ ဗဟန်းမြို့နယ်၊ ရွှေတိဂုံစေတီတော်ကြီးဘုရား၊ [illegible] ကျောင်းတိုက်မှာ ကျင်းပခဲ့တဲ့
ရှစ်လေးလုံးအထွေထွေသပိတ် နှစ်ပတ်လည်ပွဲ

၂၁.၈.၀၇ မနက်စောစောမှာ မီးမီးနဲ့ တင်မိုးလွင်တို့ ကိုဒဲဒီ (ယခင်ရွှေသံစဉ်) ကိုခေါ်ပြီးဟင်္သာတမြို့ ဘုန်းကြီးကျောင်းတစ်ကျောင်းက ပရဟိတ နိဗ္ဗယိစကူးအတွက် အကူအညီပေးဖို့ သွားလေ့လာကြတာပါ။ ကျွန်တော့် ကို အဖော်ခေါ်ပေမယ့် အခြားလုပ်စရာတွေ ရှိနေတာနဲ့ လိုက်မသွား ဖြစ်ဘူး။ နေ့ချင်းပြန် ည ၈ နာရီ ကျော်လောက် ပြန်ရောက်ကြမှာ မို့ အဝေးပြေးကားဂိတ်မှာ လာကြိုခိုင်းတော့လည်း အားရင်လာကြို ပါ့မယ်လို့ပဲ မှာ လိုက်တယ်။ ဒါပေမယ့် ညနေ အိမ်ပြန်မအိပ် ဖြစ်ဘဲ ကျောက်မြောင်းထဲက အလုပ်ခန်းမှာ ပဲ အိပ် ဖြစ်မှာ ။ စုစုနွေးရောက်လာတော့ အိမ်မှာ ပဲ ရှိနေလိုက် တယ်။ စုစုနွေးက ဧည့်စာရင်း မတိုင်ချင်ဘူး။ သူရှိနေတုန်း ဧည့်စာရင်းပြဿ နာ ဖြစ်ခဲ့ရင် မိသားစု ထိခိုက်မှာ စိုးလို့ ကိုယ်တိုင်ပဲ အိမ်မှာ နေပေးလိုက်တယ်။

ညဦးပိုင်းကျတော့ ကိုကိုကြီးရဲ့ အခန်းကို စက်ဘီးနဲ့ သွားတယ်။ ထုံးစံအတိုင်းပဲ၊ လမ်းထိပ်က ဆိုင်ကယ်တစ်စီး လိုက်လာတယ်။ ကေကျူ့အခန်းကို ရောက်တော့ နောက်ကလိုက်လာတဲ့ ဆိုင်ကယ်သမားက ကေကျူ့အခန်းအောက်မှာ စောင့်နေတဲ့ ဆိုင်ကယ်သမားတွေ နဲ့ သွားပေါင်းနေလိုက်တယ်။ ကေကျူ့အခန်းမှာ ကိုဘောင်းဘောင်း(ကိုဇော်မင်း) ရော၊ ဇောက်ထိုး (ကိုဇော်သက်)ရော ရှိနေကြတယ်။ ကေကျူ့ကလည်း အခုနမှ အပြင်က ပြန်ရောက်တာတဲ့။ သူ့ချစ်ချစ်နဲ့ ချိန်းတွေ့ပြီး ပြန်လာတာလေ။ ပြည်ပကနေ ခေတ္တအလည်ပြန်ရောက်လာတဲ့ သူ့ချစ်ချစ်နဲ့က ဆုံရခဲ့တာမို့ အမြင်ကတ်လောက်အောင် အူမြူး ပြီး စားမြုံ့ပြန်နေတယ်။ ကျွန်တော် တို့ သုံးယောက်ကလည်း ဝိုင်းပြီးစကြ၊ နောက်ကြပေါ့။ ပြီးတော့မှ မနက်ဖြန် ကိုထင်ကျော် လှုပ်ရှားမှု နဲ့ ပတ်သက်ပြီး ဆက်ပြော ဖြစ် တယ်။ ၈၈ တွေ အနေနဲ့ ဝင်ပါကြမှာ ၊ ဝန်းရံပေးကြမှာ မဟုတ်ပေမယ့် မှတ်တမ်းတော့ သွားယူသင့်ကြောင်း၊ အခြေအနေကိုတော့ စောင့်ကြည့်ပေးသင့်ကြောင်း ပြော ဖြစ်တယ်။ လှိုင်သာယာက တချို့ လည်း ထွက်လာကြလိမ့်မယ်လို့ ကြားရတာ ပဲ။ သေတော့ မသေချာဘူး။

ကိုထင်ကျော် လုပ်မယ့် အချိန်နဲ့ နေရာလည်း ကြိုမသိထားရလို့ မနက်စောစောမှာ ပဲဖုန်းတွေ ဖွင့်ထားပြီး အသင့်ရှိနေကြဖို့ ချိန်းကြတယ်။

အဲဒီ အချိန် ၈ နာရီလောက်မှာ ဧည့်သည်အမျိုး သားနှစ် ယောက် ရောက်လာတယ်။ အသက် ၄၀ ကျော်လောက် ရှိကြပြီ။ ကေကျူ့ရဲ့ အသိတွေ လို့ ပြောတယ်။ ဒါပေမဲ့ သိပ်ရင်းနှီးကြတဲ့သူတွေ တော့ ဟုတ်ပုံမရဘူး။ ကေကျူ့ကို ကြည့်ရတာ စမ်းတဝါးဝါးနဲ့ စကားပြောနေတယ်။ လေသံတွေ အရ ရခိုင်တိုင်းရင်းသားတွေ ဖြစ်ပုံရတယ်။ စကားခဏထိုင်ပြော၊ ကေကျူ့ရဲ့ ဟမ်းဖုန်းက တစ်ဆင့် လှမ်းဆက်တယ်။ သြစတြေးလျကဆိုတော့ ဘယ်သူများ ဖြစ်မလဲ။ သြစတြေးလျမှာ မာမီ့ရဲ့ ဆွေမျိုး တွေ အများကြီးရှိနေတယ်။ သူငယ်ချင်းတွေ မိတ်ဆွေတွေ လည်း အများ ကြီး ရောက်နေကြတယ်။ ဖြစ်ဖို့များ တာ ကတော့ မြစ်ကြီးနားထောင်မှာ အတူနေခဲ့ဖူးတဲ့ ခိုင်ကိုဦးပဲ။ လွန်ခဲ့တဲ့ ဆယ်ရက်လောက်က သူရဲ့ E mail လိပ်စာရလို့ On Line မှာ ဆုံခဲ့ကြ သေးတယ်။ သူက

အင်းစိန် NLD လူငယ်၊အဘဦးတင်ဦးရဲ့ လုံခြုံရေး အ ဖြစ် တာဝန်ယူခဲ့သူ။

ခဏနေတော့ ကေကျူ့နဲ့ ကိုသက်ဇော်တို့ ဖုန်းတွေ ဆီကို အပြင်ကဖုန်းတွေ မကြာခဏဝင်လာပါတယ်။ ကိုပေါ်၊ မမေမီ၊ ကိုမြအေး၊ ကိုပြုံးချိုတို့ ဆက်တိုက်ပဲ ဆက်ကြတာပါ။ မြို့ ထဲမှာ လုံခြုံရေး တွေ သိပ်များ နေကြောင်း၊ သံဆူးကြိုး ခွေတွေ ပါ ချထားတဲ့အကြောင်း၊ မနက်ဖြန် မြို့ ထဲကိုလုံးဝမထွက်ကြဖို့လိုကြောင်း၊ အခြေအနေကို အိမ်ကနေပဲ နားစွင့်နေကြဖို့ အကြောင်းတွေ ပြောကြပါတယ်။ မမေမီဆိုရင် မြို့ ထဲကို သူကိုယ်တိုင် ကားနဲ့ လျှောက်ပတ်ကြည့်ခဲ့ပြီးပြီ။ အစောကြီး ရှိသေးတယ်။ မြို့ ထဲမှာ လူတွေ ရှင်းနေပြီး လမ်းပေါ်မှာ လုံခြုံရေး တွေ နဲ့ သံဆူးကြိုး တွေ ပဲ ရှိနေတယ်တဲ့။

ကျွန်တော် တို့လည်း ကင်မရာတွေ စစ်ဆေး၊ အခွေတွေ ၊ မမ်မိုရီကတ်တွေ စစ်၊ ဘက်ထရီတွေ အားသွင်းလိုက်ကြပါတယ်။ အားလုံး အဆင်သင့်ပြင်ပြီးတော့ ကျွန်တော် လည်း အိမ်ပြန်ခဲ့တယ်။ အောက်မှာ စောင့်နေတဲ့ ဆိုင်ကယ်လည်း ကျွန်တော့် နောက်က ပြန်လိုက်လာတယ်။ လမ်းထိပ်နားမှာ စုစုပေါင်း ဆိုင်ကယ်သုံးစီး ရှိနေကြတယ်။ ကျွန်တော် အိမ်ကို ရောက်ပြီး ခဏအကြာမှာ ပဲ ဩစတြေးလျက ဖုန်းဝင်လာတယ်။ ထင်ထားတဲ့အတိုင်းပဲ ခိုင်ကိုဦး ဆက်တာပါ။

ကျွန်တော် လှုပ်ရှားဆောင်ရွက်နေတာတွေ ကို သူကြားသိကြောင်း၊ သူ ကတော့ အိမ်ထောင်လည်းကျ၊ အလုပ်လုပ်ရင်း ကျောင်းလည်း ဆက်တက်နေတာမို့ နိုင်ငံရေး ဆက်မလုပ် ဖြစ်တာကို နားလည်ပေးဖို့အကြောင်း၊ သူတတ်နိုင်သမျှထဲကနေ ကျွန်တော့် ကို ကူညီချင်တဲ့အကြောင်း၊ ဘယ်အဖွဲ့အစည်း ဘယ်သူ့ ဆီကမှ မဟုတ်ဘဲ သူ့ လုပ်အားခထဲကနေ အနှောင်အဖွဲ့ကင်းကင်းနဲ့ ကူညီမှာ မို့ လက်ခံပေးဖို့ အကြောင်း ပြောတယ်။

ကျွန်တော် ကတော့ သူ နိုင်ငံရေး တွေ ဆက်မလုပ်နိုင်တော့တာကို နားလည်တဲ့ အကြောင်း၊ ကူညီမယ်ဆိုတာကိုလည်း ကျေးဇူးတင်တဲ့ အကြောင်း၊ ဒါပေမဲ့ ကျွန်တော် အတွက် မလိုအပ်လို့ ဘာမှ မပို့ဖို့အကြောင်း၊ ကူညီမယ်ဆိုရင်တော့ မြစ်ကြီးနားထောင်မှာ ကျွန်တော် တို့ အတူ နေခဲ့ဖူးတဲ့ အဘဦးသော င်းကြည် ကျန်းမာရေး

သိပ်မကောင်းတာကြောင့် ကူညီပေးစေလိုကြောင်း ပြန်ပြော ဖြစ်တယ်။ သူကလည်း ကူညီပေးမယ့်အကြောင်းနဲ့ ငွေပို့ပြီးရင် ကျွန်တော့် ဆီပဲ ဖုန်းထပ်ဆက်မယ့်အကြောင်းနဲ့ အာလာပသလ္လာပတွေ ပြော ဖြစ်ကြတယ်။

ဖုန်းဆက်ပြီးတာနဲ့ ကျွန်တော် ကွန်ပျူတာဖွင့်တယ်။ ကွန်ပျူတာက မကြာခဏ hungနေတယ်။ စီဒီတွေ ထဲထည့်ပြီး Back up လုပ်ပြီး ဖြစ်တဲ့ Data တွေ Files တွေ ကို ထိလို့ မရဘူး။ ဖျက်ဖို့ကြိုး စားတာ လုံးဝမရဘူး ဖြစ်နေတယ်။ Shift Delete လုပ်ဖို့ Files တွေ ကို Point ထောက်လိုက်တာနဲ့ hung သွားတယ်။ အကြိမ်ကြိမ်လုပ်တာ အကြိမ်ကြိမ် hung တယ်။ မနက်ကျမှပဲ Pearl က ဆရာတို့ဆီ ထပ်ပို့ရမယ်။ ကွန်ပျူတာမှာ ထိုင်ရင်း စုစုနွေးနဲ့လည်း မနက်ဖြန်မှာ လုပ်မယ့် ကိုထင်ကျော့်ဆန္ဒပြပွဲ ကိစ္စ ပြော ဖြစ်တယ်။ စုစုနွေး ကတော့ သွားပြီး ဝန်းရံပေးချင်နေတယ်။ ကျွန်တော် က တား တယ်။ အိမ်ကနေပဲ၊ ဒါမှ မဟုတ် NLD ရုံးကနေပဲ စောင့်ပြီးနားစွင့်နေဖို့ အတန်တန်ပြောပြီး တားရပါတယ်။

ပြီးတော့ ပုံမှန်အတိုင်းပါပဲ၊ ည ၁၁ နာရီကျော်မှာ ကျွန်တော် ရေချိုး ၊ ထမင်းစားတယ်။၁၁း၃၀ နာရီလောက်မှာ တော့ မဲဆောက်က သူငယ်ချင်း ကိုဘိုကြည် (AAPP) ဖုန်းဆက်တယ်။ 'ကိုမြအေးနဲ့ ကိုပြုံးချိုတို့ကို အခုပဲ ဝင်ဖမ်းနေပြီတဲ့၊ ခင်ဗျား ဘာလုပ်မလဲ၊ ရှောင်မှာ လား၊ အဖမ်းခံ မှာ လား၊ တခြားသူတွေ ဆီလည်း ဆက်ပြီး ပြောပေးပါ' တဲ့။ ကျွန်တော် မအံ့သြတော့ပါဘူး။ ကျွန်တော် ကတော့ မရှောင်ဘူး။ အဖမ်းပဲခံလိုက်မယ်လို့ ပြန်ပြောလိုက်တယ်။ ကိုပေါ်နဲ့ ကေကျူ့ဆီကို လှမ်းဆက်တော့ သူတို့နှစ် ယောက် လုံးရဲ့ ဖုန်းတွေ ကို ဆက်သွယ်ရေး ဌာနက ပိတ်ထားလိုက်ပါပြီ။ 'ဖုန်းခေါ်ဆိုမှု ကို ခေတ္တပိတ်ထားကြောင်း' ဆိုတဲ့ ဖြေသံပဲ ထွက်လာတယ်။ ဒါနဲ့ ကိုသက်ဇော်ရဲ့ ဖုန်းကို ဆက်ပြီး ပြောစရာရှိတာကို မြန်မြန်ပဲ ပြောလိုက်ရတယ်။ ကိုပေါ်နဲ့ ကေကျူ့တို့ရဲ့ ဖုန်းတွေ ပိတ်ထားပြီဆိုတော့ ကိုသက်ဇော်က 'မပိတ်ပါဘူး၊ အဘိုးကြီးရဲ့ ဖုန်း ဖွင့်ထားပါတယ်' ဆိုပြီး ဖြေနေသေးတယ်။ 'ဆက်သွယ်ရေး ကကို ပိတ်ထားတာ၊ ကိုမြအေးနဲ့ ကိုပြုံးချိုတို့ကို ဖမ်းနေပြီး၊ ခင်ဗျားတို့ဆီကိုလည်း အခုပဲဖမ်းဖို့ ရောက်လာလိမ့်မယ်' ဆိုတော့မှ ကိုသက်ဇော်က 'သူတော့ အဖမ်းမခံဘူး၊ ရှောင်မယ်၊ ပစ္စည်းတွေ ရှင်းပြီး အခုပဲ

ဆင်းတော့မယ်’ လို့ပြောတယ်။ (ဒါပေမဲ့ Zt တိုက်လေယာဉ်ကြေးက ဆင်းလာ တုန်းမှာ ပဲ ဖမ်းမယ့်အဖွဲ့တွေ က တက်လာကြပြီမို့ မိ သွားပါတယ်။)

ကျွန်တော့် အိမ်ဝရန်တာကနေ လမ်းထိပ်ကို လှမ်းကြည့်တော့ ဆိုင်ကယ်တွေ နဲ့ လူတွေ ရှုပ်နေတာကို တွေ့ ရပါတယ်။ ကျွန်တော် မဖြစ်မနေ ရှောင်မယ်ဆိုရင်တော့ နည်းလမ်းတွေ ရှိနေပါသေးတယ်။ ဒါပေမဲ့ အိမ်မှာ ပစ္စည်းတွေ အများ ကြီးရှိနေတယ်။ Desktop, Laptop, CD တွေ နဲ့ စာရွက်စာတမ်းတွေ ၊ ကင်မရာတွေ ၊ ပြီးတော့ စုစုနွေး။ မိသားစု ဖြေရှင်းရ ခက်သွားမှာ ပါ။ ဒါကြောင့် ရှောင်မနေတော့ပါဘူး။ ဒ့ါအပြင် ကိုယ်လုပ်ခဲ့သမျှ လုပ်နေသမျှ အလုပ်တွေ အပေါ်မှာ တာဝန်ယူချင်တာလည်းပါတယ်။ ရိုးသားဖြူစင်ကြောင်း၊ အပြစ်ကင်းစင်ကြောင်း ယုံကြည်တာလည်းပါတယ်။ ဒ့ါကြောင့် မရှောင် ဖြစ်ပါ။ ဒီကြားထဲမှာ စုစုနွေးက သူပါ အဖမ်းခံမယ်လုပ်နေလို့ ဖျောင်းဖျရပါသေးတယ်။ ပြီးတော့မှ သူနဲ့ ကျွန်တော့် အိမ်သားတွေ က ပစ္စည်းတွေ တတ်နိုင်သလောက် ဝိုင်းသိမ်းပေးကြပါတယ်။ကွန်ပျူတာကိုလည်းပြန်ဖွင့်ပြီး data ဖျက်နိုင်ဖို့ ထပ်ကြိုး စားကြည့်ပါသေးတယ်။ အချည်းအနှီးပါပဲ။ Laptopနဲ့ Back Up CD တွေ ကိုတော့ စုစုနွေးက မာမီ့အိပ်ခန်းထဲက သူ့ခြင်ထောင်ထဲ အကုန်ထည့်ပါတယ်။ စာရွက်စာတမ်းတွေ ကိုတော့ သိမ်းမနေတော့ပါဘူး။ ကြေညာချက်တွေ နဲ့ အများ စုကdown load တွေ ပါ။

ဒီအချိန်မှာ ပဲ DVB ကိုအေးနိုင်ဆီက ဖုန်းဝင်လာပါတယ်။ ‘ရဲ တွေ ကို ဖမ်းပြီဆိုတာဟုတ်သလား။ ကျွန်တော့် ကိုကော ဖမ်းမှာ လား၊ အဖမ်းခံမှာ လားပေါ့’ ။ ကျွန်တော် လည်း ဟုတ်မှန်တဲ့အကြောင်း၊ ကျွန်တော့် ကိုလည်း ဝိုင်းထားပြီမို့ မကြာခင်မှာ ပဲ ဝင်ဖမ်းလိမ့်မယ်ထင်ကြောင်း ပြောလိုက်တယ်။ ‘ကိုမာကီ ဘာပြောခဲ့ချင်သလဲ၊ ဘာအကူအညီပေးရမလဲ’ တဲ့။ ‘ကျွန်တော် ဘာမှမပြောချင်တော့ပါဘူး၊ ဖုန်းကိုတော့ စုစုနွေးဆီမှာ ပဲ ထားခဲ့မယ်၊ လာဖမ်းတဲ့အချိန် ခဏတော့ ပိတ်ထားမယ်၊ ပြီးရင်တော့ စုစုနွေးဆီမှာ ပဲ အကျိုး အကြောင်း မေးကြည့်ပါ’ လို့။ ဒီတော့မှ ဘယ်သူ့ကို ဖုန်းနဲ့နှုတ်ဆက်ခဲ့ရင်ကောင်းမလဲလို့အပြေးအလွှား စဉ်းစားမိပါတယ်။

ရုတ်တရက်ပေါ်လာတာက ဦးစိန်လှဦးနဲ့ ဒေါ်ရွှေစင်။ ဆက်လိုက်တော့ အန်တီရွှေစင် ဖုန်းကိုင်ပါတယ်။ အကျိုး အကြောင်းပြောပြပြီး နှုတ်ဆက် ဖြစ်လိုက်ပါတယ်။

ဖုန်းဆက်ပြီးပြီးချင်းမှာ ပဲ ၁၂ နာရီထိုးခါလောက် သူတို့တစ်တွေ ခြံတံခါးလာခေါက်ကြတယ်။ စုစုနွေး ကတော့ သူအိပ်တဲ့ မာ့မီအိပ်ခန်းထဲဝင်သွားပြီး တံခါးကိုအတွင်း းကနေ ပိတ်ထားလိုက်ပါတယ်။ ရောက်လာတဲ့သူတွေ က အရပ်ဝတ်တွေ ချည်းပါပဲ။ လမ်းထဲက ရ.ဝ.တလည်း ပါတယ်။ လူ၅ ယောက် လောက်ပါ။ဦးဆောင်လာတဲ့သူက အသက် ၅၀ ကျော်လောက် ခပ်ဝဝ၊ ထောင်ထောင်မောင်းမောင်း၊ အသားလတ်လတ်နဲ့ပါ။ အိမ်အောက်ထပ်က ဧည့်ခန်းထဲမှာ ခြင်ထောင်ထောင်ပြီး အိမ်သားတချို့ က အိပ်နေကြပြီမို့ အနောက်က ထမင်းစားခန်းထဲကို ဖိတ်ခေါ်ရပါတယ်။ အိမ်ပေါ်ထပ်ကိုခေါ်တော့ 'နေပါစေဗျာ၊ ရပါတယ်' ဆိုပြီး ဦးဆောင်တဲ့သူ တစ်ယောက် ပဲ ထမင်းစား စားပွဲနားမှာ ဝင်ထိုင်တယ်။ ကျန်တဲ့သူတွေ ကတော့ အိမ်ပေါက်ဝတံခါးနားမှာ ပဲ ရပ်ပြီး နေရစ်ကြတယ်။ ဒီပုဂ္ဂိုလ် ထိုင်ထိုင်ချင်းမှာ ပဲ ကျွန်တော် က စပြီး မိတ်ဆက်လိုက်တယ်။ 'ကျွန်တော့် ဆီကို လာတာဆိုတော့ ကျွန်တော့် ဘက်က မိတ်ဆက်စရာတော့ မလိုဘူးပေါ့ဗျာ။ ဦး ကတော့ ဘယ်သူဆိုတာ၊ ဘယ်အဖွဲ့ အစည်းက ဘာကိစ္စလာတယ်ဆိုတာတော့ ကျွန်တော့် ကို သိခွင့်ပေးပါဦး' ဆိုတော့ 'ဒုရဲမှူ းမြတ်ကြည်ပါ၊ သတင်းတပ်ဖွဲ့ကပါ၊ ခင်ဗျားကို လူကြီးတွေ က တွေ ့ချင်လို့လာခေါ်တာပါ' တဲ့။ အခုလို အမေးခံရတာ ၊ ပြန်ဖြေရတာ ကို ဒီပုဂ္ဂိုလ် လိကသိပ်ကြည်လင်ပုံ မရပါဘူး၊ မတတ်သာလို့ အောင့်သက်သက်နဲ့ ဖြေရပုံပါ။ 'လာဖမ်းတယ်ပဲ ဆိုပါတော့ဗျာ' လို့ ကျွန်တော် ကထောက်တော့ 'အင်းလေ၊ ဆိုပါတော့' တဲ့။ ဒါပေမဲ့ ဖမ်းဖို့ ဝရမ်းပါသလား၊ ရှာဖွေခွင့် ဝရမ်းပါသလား ဆိုတာတွေ မေးတော့ တစ်ခုမှ ပါမလာပါ။ ကျွန်တော် ကဒီလိုမေးတာကိုပဲ မေးစရာမလိုအပ်ဘဲ မေးနေရသလားဆိုတဲ့ ပုံစံမျိုး ၊ စိတ်ရှုပ်နေတဲ့ ပုံစံမျိုး ၊ မျက်နှာပုပ်သိုးသိုးနဲ့ သူ့ဆံပင်တွေ ကိုပဲ တဖွဖွ ပွတ်သပ်နေပါတယ်။

"ဘယ်လိုပဲ ဖြစ် ဖြစ်ဗျာ၊ ကျွန်တော် အေးအေးဆေးဆေး လိုက်မှာ ပါ၊ ခဏတော့ စောင့်ပါ"

ကျွန်တော် ရေအိမ်ကို ခဏဝင်တယ်။ ရေအိမ်ကထွက် အပေါ်ထပ်ကိုတက်တော့

ထိုပုဂ္ဂိုလ်နဲ့ သူ့တပည့်နှစ် ယောက် လည်း လိုက်လာကြတယ်။ သူ့တပည့်နှစ် ယောက် က ကျွန်တော့် အိပ်ရာခုတင်အနီးဝန်းကျင်တွေ မှာ ဟိုလှန် ဒီလှန်နဲ့ လျှောက်ကြည့်ကြတယ်။ မာမီ ဘုရားစင်လုပ်ထားတဲ့မှန်ရှိုးကေ့စ်ပေါ်က ပျက်နေတဲ့ ဒီဂျစ်တယ် ဗွီဒီယိုကင်မရာနဲ့ စတေကင်မရာတွေ ကိုလည်း အသေအချာ ကိုင်ကြည့်ကြတယ်။ ဒုရဲမှူးမြတ်ကြည်က သူ့တပည့်တွေ ကို 'ပစ္စည်းတွေ က ထားလိုက်ဦး၊ လူကိုပဲ အရင်ခေါ်သွားမယ်' လို့ဆိုတယ်။ ကျွန်တော် လွယ်နေကျ ကျောပိုးအိတ် အနက်လေးထဲမှာ ကျွန်တော့် ညီကက်နက်နဲ့ မိုးမိုးတို့က အင်္ကျီအဝတ်အစားတွေ နဲ့ သွားတိုက်ဆေး၊ သွားပွတ်တံ ထည့်ပေးတယ်။ ကျွန်တော် က မဖတ်ရသေးတဲ့ Waves မဂ္ဂဇင်းနှစ် အုပ်၊ ဗလာစာအုပ်တစ်အုပ်နဲ့ ဘောပင်တွေ ထပ်ထည့်လိုက်တယ်။မာမီပေးတဲ့ ငွေတစ်သော င်းကျော်လည်း ထည့်ခဲ့တယ်။ ကျွန်တော် ထွက်ပြေးမယ့် အစီအစဉ် မရှိဘူး။ အဖမ်းခံမှာ သေချာပြီဆိုတော့မှ ဒုရဲမှူး က အောက်ထပ်ကို ပြန်ဆင်းသွားတယ်။

ကျွန်တော် လည်း မာမီတို့အိပ်ခန်းထဲဝင်ပြီး စိတ်မကောင်း ဖြစ်နေတဲ့ မာမီနဲ့မျက်စိမျက်နှာပျက်နေတဲ့ စုစုနွေးတို့ကို နှုတ်ဆက်ပါတယ်။

"မာမီ ကျန်းမာရေး ကို ဂရုစိုက်နော်၊ ကျွန်တော့် အတွက် ဘာမှစိတ်မပူပါနဲ့။ တစ်နေ့ကျွန်တော် ပြန်ရောက်လာမှာ ပါ"

"ညီမလေး ဘာမှစိတ်မကောင်း မ ဖြစ်ပါနဲ့၊ စိတ်လည်း မပူနဲ့၊ ကိုကြီးတို့ တစ်တွေ မကြာခင်မှာ ပြန်ဆုံကြရမှာ ပဲ၊ ညီမလေး လုပ်စရာရှိတာကိုသာ ဆက်လုပ် ၊ အန္တရာယ်ကိုလည်း သတိထား"

ကျွန်တော် အိမ်ကထွက်လာတော့ လမ်းပေါ်မှာ ရပ်ကွက်ထဲမှာ လူရှင်းနေပါပြီ။ လမ်းထိပ်မှာ လည်း သူတို့တစ်တွေ ချည်းပဲရှိနေတာပါ။ ဆလွန်းကားလေးတစ်စီးနဲ့ ဆိုင်ကယ်လေးစီးလောက်လူ ၁၀ ယောက် လောက်ရှိနေကြတယ်။ ကျွန်တော့် ကို ဆလွန်းကားလေးနောက်ခန်းထဲမှာ ထိုင်ခိုင်းတယ်။ အထဲမှာ လူ တစ်ယောက် ရှိနှင့် နေပြီး ကျွန်တော့် ကို အလယ်မှာ ထား နှစ် ယောက် ညှပ်ပြီးထိုင်ကြတယ်။ ချက်ချင်း ကားထွက်မယ်ဆိုတော့ စက်က မနိုးပါဘူး။ ဒီအချိန်မှာ ပဲ ခပ်လှမ်းလှမ်းက တစ်ယောက်

ပြေးလာပြီး 'ကိုမာကီ ဖုန်းပေးပါ၊ ဟန်းဖုန်း' ဆိုပြီး တောင်းပါတယ်။ ဘယ်သူဆိုတာ ကျွန်တော် မသိပါဘူး။ တစ်ခါမှလည်း မမြင်ဖူးဘူး။

"ကျွန်တော် ဟန်းဖုန်းမကိုင်ဘူးဗျ"

"မလုပ်ပါနဲ့ဗျာ၊ ကိုမာကီ ဆက်ဆက်နေတာ ကျွန်တော် တို့ တွေ့ပါတယ်"

"မရှိဘူးဗျ၊ ကျွန်တော် ဆက်ရင် ကိုပေါ်တို့၊ K3 တို့ ဖုန်းတွေ ပဲ ယူဆက်တာ၊ ဘယ်သူ့မဆိုမေးကြည့်ပါ၊ ကျွန်တော့် မှာ ဟန်းဖုန်းမှ မရှိတော့ဘဲ။ အခုရက်ပိုင်းထဲမှာ မှ ၄ားဖို့ စီစဉ်နေတုန်းရှိသေးတယ်။ ဒါကြောင့်မို့ ဖြောင့်ကွယ်,ကွယ်ပြီး ငြင်းလိုက်တာ။ ဒီလူလည်း မကျေမနပ်နဲ့ဘဲ ပြန်လှည့်သွားတယ်။

ကားကလည်း စက်မနိုးပါဘူး။ မောင်းနေကျကား၊ မောင်းနေကျလူ မဟုတ်ဘူးတဲ့။ ဘယ်သူ့ဆီကနေ ချောဆွဲလာတဲ့ကားလည်း မသိပါဘူး။ မောင်းတဲ့ လူက ခလုတ်တွေ ဟိုစမ်း၊ ဒီစမ်း၊ဟိုနှိုက်၊ ဒီနှိုက် လုပ်တာလည်း မရလို့ ဝိုင်းတွန်းကြရတယ်။ ကားပေါ်က လူတွေ ကတော့ ဘယ်သူမှမဆင်းကြဘူး။ ဓာတ်တိုင်နှစ် တိုင်စာလောက်တွန်းပြီး ရတနာလမ်းမထိပ်ရောက်မှပဲ စက်နိုးတယ်။ ကျွန်တော့် ကို ခေါ်သွားတာက ဝွတ္တလစ်မှာ ရှိတဲ့ ပြည်ထဲရေး ရုံးကြီး။ ဆင်ဝင်အောက်မှာ ကားရပ်တော့ ရောက်နှင့် နေကြတဲ့ သူတချို့ ကို တွေ ရတယ်။ ကိုပေါ်၊ K3,Zt တို့ကဝင်ဝင်ချင်း အခန်းကျယ်ထဲမှာ ။ ကိုဇော်ဇော်မင်း၊ ကိုမင်းဇေယျနဲ့၊ ကိုဉာဏ်လင်းတို့က အပေါ်ထပ်တက်တဲ့လှေကားနားက ခုံတွေ မှာ ထိုင်နေကြတယ်။ ကိုအံ့ဘွယ်ကျော် ကတော့ ဆင်ဝင်အနားမှာ hp ထွက်ပြောနေတယ်။ SB တစ်ယောက် က အခန်းထဲပြန်ဝင်ဖို့ ဆွဲခေါ်နေတယ်။ အခုမှပဲ ကိုငွေကြွယ်နဲ့ ဖုန်းရလို့ ဆက်နေတာတဲ့။ ဖုန်းတွေ ပိတ်ပြီး ဝင်ဖမ်းတာ ကိုငွေကြွယ်ကို မမိတော့မှ ဖုန်းပြန်ဖွင့်ပေးပြီး သဲလွန်စနဲ့ လိုက်ရှာကြမလို့ ထင်ပါရဲ့ ။ ကိုဘွယ်ကြီး ကတော့ ဘီယာအရှိန်ကောင်းတုန်း ထင်တယ်။ လင်းထိန်နေတဲ့ မီးချောင်းရောင် တွေ အောက်မှာ သူ့မျက်နှာကြီးက အဆီတွေ ပြန်ပြီး မည် းပြောင်လက်နေတာပဲ။

ကျွန်တော့် ကို ကိုမင်းဇေယျတို့နားမှာ ထိုင်ခိုင်းတယ်။ ကိုဇေယျကြီး ကတော့

ထုံးစံအတိုင်း ပါးစပ်ထဲမှာ ကွမ်းယာတွေ ပလုတ်ပလောင်းနဲ့ပဲ။ ကိုဇော်ဇော်မင်းနဲ့ ကိုဉာဏ်လင်းကိုပါ ဖမ်းလာလို့ ကျွန်တော် က အံ့ဩနေမိတယ်။ သူတို့နှစ် ယောက် စလုံးက ၈၈ ထဲမှာ သိပ်ပြီး ထဲထဲဝင်ဝင် မရှိတဲ့သူတွေ ပါ။

အဲဒီ မှာ တစ်နာရီလောက်ကြာတော့ ¥3 အိမ်မှာ ပစ္စည်းသိမ်းတဲ့အဖွဲ့နဲ့ အတူကိုဘောင်းဘောင်းပါ ပါလာတယ်။ ¥3 ရဲ့ သမီး (ချွေးမလေး) ကို ကျွန်တော့် အိမ် ပို့ပေးဖို့ ရ.ဝ.တ တွေ နဲ့ ထည့်လိုက်တယ်လို့ ပြောတယ်။ ¥3အိမ်က တစ်အိမ်လုံးပါလာကြတာကိုး။ တကယ့်တကယ်မှာ ဖမ်းဆီးစာရင်းထဲ ကိုဘောင်းဘောင်း မပါပါဘူး။ တစ်အိမ်တည်း အတူရှိနေလို့ လမ်းကြုံဖမ်းလာတဲ့ သဘောပဲ။ခဏနေတော့ ကျွန်တော် တို့ကို နာမည် တွေ ခေါ်ပြီး နှစ် ယောက် တစ်တွဲ ၊ သုံးယောက် တစ်တွဲ တွဲ တယ်။ ပြီးတော့ တစ်တွဲ စီကို ကားတွေ နဲ့ ဆက်ခေါ်သွားကြတယ်။ ကိုမြအေး၊ ကိုဉာဏ်လင်းနဲ့ ကျွန်တော် ကတစ်တွဲ ။



၂၇၊၅၊၂၀၀၇ ရွှေတိဂုံစေတီတော်ကို ဝတ်ပြုဆုတောင်းဖို့အသွား ရေတာရှည်လမ်းပေါ်မှာ ဝိုင်းရံထားစဉ်

ရဲတပ်ရင်း ၃ သို့

ကျွန်တော် တို့သုံးယောက် ကို Surf ကားတစ်စီးရဲ့ အလယ်ခန်းမှာ

ထိုင်ခိုင်းတယ်။ ရှေ့ခန်းမှာ က ကားသမားရယ်၊ ရဲအရာရှိ တစ်ယောက် ရယ်။ နောက်ခန်းမှာ ကရဲလုံခြုံရေး ၅ယောက် လောက်ပါမယ်။ ဘယ်ပို့မယ်ဆိုတာ မသိဘူး။ အောင်သပြေ သို့ မဟုတ် အင်းစိန်ထောင် တစ်ခုခုပဲလို့ ထင်ထားလိုက်တယ်။ ဒါပေမဲ့ မဟုတ်ဘူး။ အင်းစိန်စော်ဘွားကြီးကုန်းကို ကျော်လွန်ပြီး မြို့ ပြင်ရောက်လာတော့ရေကြည်အိုင်များ လားလို့ ထင်မိသေးတယ်။ ဒါလည်းမဟုတ်ဘူး။ ထောက်ကြံ့ကိုကျော်ပြီး မှော်ဘီမြို့ ထဲအထိ ရောက်လာတယ်။ မိုးကလည်း ခပ်ဖွဲဖွဲလေး ရွာနေတယ်။မှော်ဘီမြို့ ထဲပိုင်းကို လွန်လာတော့မှ ရဲတပ်ရင်းကို ပို့တာပဲလို့ ခန့်မှန်းမိတော့တယ်။ ရဲတပ်ရင်း(၃) ကိုပို့တာပါ။ ဘယ်နေရာဆိုတာ ကျွန်တော် တို့ မသိအောင် ရဲတပ်ရင်းအဝင်ဝက ဆိုင်းဘုတ်ကို ဂုန်နီအိတ်တွေ ၊ ပလတ်စတစ်အိတ်တွေ နဲ့ဖုံးအုပ်ထားတယ်။ ရဲတပ်ရင်းဝင်းထဲမှာ ရှိတဲ့ ဂဝံလမ်းမတစ်လျှောက်က အမှတ်အသားဆိုင်းဘုတ်တွေ ကိုလည်း ဖုံးအုပ်ထားတယ်။ ဒီ့အပြင် ကားမီးကိုပါပိတ်ပြီး မောင်းဝင်ပါတယ်။ ကျွန်တော် က မှော်ဘီသားတစ်ပိုင်း ဖြစ်နေလို့ ရဲတပ်ရင်း(လုံထိန်း)၃ ဆိုတာ သိနေတာပါ။သူတို့ဘက် ကတော့ စနစ်တကျကြို ပြင်ထားပုံရပါတယ်။

ခန်းမအဆောင်တစ်ခုရှေ့မှာ ကားရပ်တော့ မှော င်မည် းနေပါတယ်။ တမင်ပဲ အမှော င်ချထားတာလား၊ မီးပဲပျက်နေတာလားတော့ မသိပါဘူး။ ပြီးတော့ ကျွန်တော် တို့ သုံးယောက် ကို လမ်းမကြီးပေါ်ကနေ ညာဘက်ကို ဖဲ့ဆင်းပြီး ကွင်းပြင်တစ်ခုထဲကို ဖြတ်လျှောက်ခေါ် သွားပါတယ်။ လမ်းရယ်လို့မရှိဘဲ မြက်ကြမ်းတွေ ပေါက်နေတဲ့ ရွှံ့စပ်စပ်နဲ့ ကွင်းပြင်တစ်ခုပါ။ မှု န်ဝါးဝါး လက်နှိပ်ဓာတ်မီးအလင်းရောင် လေးနဲ့ပဲ သူတို့အနောက်ကနေ စမ်းတဝါးဝါး လျှောက်ရပါတယ်။ ရွှံ့ရေစပ်စပ်နဲ့မို့ ဖိနပ်တောင်စီးလို့မရတော့ဘဲ လက်က ကိုင်လာရတယ်။ မီတာ ၁၀၀ လောက်ဖြတ်လျှောက်အပြီးမှာ တော့သစ်ပင်အုပ်အုပ်နဲ့ ကုန်းမို့မို့ တစ်ခုပေါ်မှာ အုပ်တိုက်သုံးလုံးတန်းကိုတွေ့ရတယ်။ ပထမဆုံးရောက်လာတဲ့အိမ်ထဲကို ရှေ့ဆုံးက ကိုမြအေးကို ခေါ်သွားတယ်။ ကိုဉာဏ်လင်းနဲ့ ကျွန်တော့် ကိုတော့ အလယ်က အိမ်ထဲခေါ်သွားတယ်။ နှစ် ခန်းတွဲ တစ်ထပ်အိမ်လေးမို့ တစ်ယောက် တစ်ခန်းစီ ခွဲထားလိုက်တယ်။ကိုဉာဏ်လင်းက ကိုမြအေးရှိတဲ့ဘက် ခေါင်းရင်းခြမ်း။ ကျွန်တော် က

ခြေရင်းခန်း။

ကျွန်တော် တို့ရောက်မှပဲ မျက်နှာကြက်မရှိတဲ့ ထုပ်တန်းမှာ ချိတ်ဆွဲထားတဲ့ မီးလုံးကဝါကြင်ကြင် ခပ်မှိန်မှိန် လင်းလာတယ်။ အိပ်ခန်းကျဉ်းလေးတစ်ခန်း၊အနောက်ဘက် အနိမ့်ပိုင်းမှာ ကမီးဖိုချောင်၊ မီးဖိုချောင်နဲ့ ကပ်ရက်မှာ က ရေချိုး ခန်းနဲ့ အိမ်သာ တွဲ ရက်တစ်ခန်း၊ အိမ်ထဲ ဝင်ဝင်ချင်းနေရာ ကတော့ ဧည့်ခန်းပဲ ဆိုပါတော့။ အဲဒီ မှာ ဝါးကြောဖျာဟောင်းတစ်ချပ် ခင်းထားတယ်။ ဖျာခင်းထားတဲ့တစ်နေရာကလွဲရင် ကျန်တဲ့နေရာတိုင်းမှာ ဖုန်တွေ ၊ရွှံ့တွေ ၊ သဲတွေ နဲ့ ပေပွနေတာမို့အိပ်ခန်းထဲတောင်ဝင်ကြည့်မနေတော့ဘဲ ဖျာပေါ်မှာ ပဲ နေရာယူလိုက်ရတယ်။ ရဲတွေ ကတော့ အိမ်အဝင်ဝက ဖိနပ်ချွတ်နေရာကျဉ်းလေးမှာ ပဲ စုထိုင်နေကြတယ်။သူတို့မှာ လည်း အိပ်ရာလိပ်တွေ ဘာတွေ ပါလာကြပုံ မရဘူး။ ပြီးတော့ သူတို့အချင်းချင်းလည်း တစ်ယောက် နဲ့ တစ်ယောက် မရင်းနှီးကြဘူး။အခုမှ ဟိုတပ်ရင်းက၊ ဒီတပ်ရင်းက ခေါ်လာကြပုံရတယ်။ အချိန်ကလည်း နာရီပြန် နှစ် ချက်ကျော်နေပြီ။ အိပ်ချင်စိတ်က မရှိ။ အိပ်လို့လည်း ရမှာ မဟုတ်။ ဒါပေမဲ့ ဝါးကြောဖျာပေါ်မှာ ကျောပိုးအိတ်ကိုခေါင်းအုံးပြီး လှဲနေလိုက်တယ်။ ဝါကြင်ကြင် ဒီမီးရောင် နဲ့ စာလည်းဖတ်လို့ မရဘူးလေ။ မအိပ်ချင်ပေမယ့်လူက နွမ်းနယ်သလို ဖြစ်နေတာမို့ မျက်လုံးကို အသာမှိတ်ပြီး မှိန်းနေလိုက်တယ်။ ကျန်တဲ့သူတွေ ကိုကော ဘယ်တွေ များ ခွဲပို့ကြမလဲ။ ဒီမှာ ကော ဘယ်လောက်ကြာကြာများ ထားကြဦးမလဲ မသိဘူး။ စုစုနွေးတို့ ဝတ်ပြုဆုတောင်းတဲ့ သူတွေ ထဲက နေဒွန်းတို့၊ အိုးဝေတို့ နေခဲ့ရတဲ့ ရဲတပ်ရင်းအိမ်ဆိုတာဒီလိုအိမ်မျိုး ပဲထင်ပါရဲ့ ။ ရဲတွေ ထဲမှာ လည်း တစ်ယောက် မှ လူငယ်မပါဘူး။ အသက်ကြီးပိုင်းတွေ ချည်းပဲ။ ကိုယ့်ကိုလည်း စကားမပြောရဲကြ။ သူတို့အချင်းချင်းတောင်မှ စကားပြောရဲကြပုံ မရဘူး။ ရဲ တွေ ကိုကော ဘယ်နယောက် များ ဖမ်းမိကြသလဲ မသိ။ သူတို့ဖမ်းဆီးတဲ့ အဖွဲ့တွေ မှာ အင်္ဂလိပ်အက္ခရာတွေ ပေးထားပုံအရဆိုရင် N အထိ ပြောသံကြားတော့ ၁၄ ယောက် တော့ အနည်းဆုံးရှိမှာ ပဲ။ ကိုပေါ်က A၊ K3 က B၊ ကိုယ်က J တဲ့။ ကိုဌေးကြွယ်ကော လွတ်ပါ့မလား။ ကိုစိုးထွန်းတို့၊ ကိုအောင် (ထွန်းမြင့် အောင်) တို့ကိုကော ဖမ်းသလား။ မိန်းကလေးတွေ ကိုကော

ဖမ်းသလားမသိ။ ဖမ်းရင်တော့ ဖမ်းသလောက် မိမှာ ပဲ။ ဘယ်သူမှ ရှောင်တိမ်းနေကြတာ မရှိဘူးလေ။ ကိုဌေးကြွယ်လည်း အိမ်မပြန်သေးတဲ့အချိန် ဝင်ဖမ်းလို့ မမိတာဘဲ ဖြစ်မယ်။

ကျွန်တော် လည်း ဟိုတွေ း ဒီတွေ းနဲ့ မေးခနဲ၊ မေးခနဲတော့ အိပ်ပျော်သွားတယ်။ ဒါပေမဲ့ပြန်ပြန်နိုးလာတာပါပဲ။ နောက်ဆုံး နိုးလာတဲ့အချိန်မှာ နာရီကြည့်မိတော့ မနက် ၄ နာရီခွဲနေပြီ။ အပေါ့သွားချင်လို့ မီးဖိုချောင်ဘက်ကိုသွားတော့ ရဲသား တစ်ယောက် က ထလိုက်လာတယ်။ မှော င်နေတဲ့ မီးဖိုချောင် အောက်ဆင့်ကို ဆင်းလိုက်တော့ သမံတလင်းသားကို မနင်းမိဘဲ မြက်တွေ ပဲ နင်းမိတယ်။ရဲသားက ဒီနေရာမှာ ပဲ အပေါ့သွားလိုက်ဖို့ပြောပေမယ့် ရက်ကြာကြာနေရင် ညစ်ပတ်နံစော်လာမှာ စိုးတာနဲ့ မြက်တွေ ကိုပဲ စမ်းနင်းပြီး မီးဖိုချောင် အပြင်တံခါးဝအထိ သွားလိုက်တယ်။ အပြင် အမှော င်ထုထဲမှာ တော့ သစ်ပင်အုပ်အုပ်တွေ နဲ့ ချုံပုတ်တွေ ပဲ မြင်ရတယ်။ ဒီအိမ်တွေ က လူမနေဘဲ ပစ်ထားတာကြာနေပြီ ထင်ပါရဲ့ ။

မနက်လင်းခါစမှာ ပဲ ထမင်းကြော်တစ်ပန်းကန် လာပို့တယ်။ ခပ်ဝါဝါ ထမင်းကြော် အပေါ်မှာ ပဲပြုတ်နည်းနည်း ဖြူး ပေးထားပြီး စတီးဇွန်းထဲမှာ တော့ ငရုတ်သီးမှုန့်ကြော်ပါတယ်။ ကျွန်တော့် မှာ သွားပွတ်တံ၊ သွားတိုက်ဆေးရှိတယ်။ မျက်နှာသစ်ဖို့ ရေခွက်နဲ့ ရေတောင်းတာ အတော် နဲ့ ရောက်မလာဘူး။ မိုးအတော် လင်းမှပဲ ရေခွက်နဲ့ ရေနဲ့ ရောက်လာတယ်။ အခြေအနေ အကျိုး အကြောင်း သိရအောင် အရာရှိ တစ်ယောက် လောက်ကို ခေါ်ခိုင်းတာလည်း အတော် ကြာမှပဲရောက်လာတယ်။ ရောက်လာတာက ဒုရဲအုပ်။ လူငယ်ပဲ ရှိသေးတယ်။ သူ့ကို ဘာမှ မေးလို့မရ။ သူကိုယ်တိုင် ဘာမှ မသိ။ လိုအပ်တာတွေ ကိုယ့်ပိုက်ဆံနဲ့ ကိုယ်ဝယ်မယ် ဆိုတာတော့ ကူညီပေးတယ်။ကိုမြအေးက သူ့အကြိုက် ကော်ဖီမစ်နဲ့ London စီးကရက်မှာ တယ်။ ကျွန်တော် က ဖယောင်းတိုင်၊ ကွမ်းယာနဲ့ ကိုဉာဏ်လင်းအတွက် သွားပွတ်တံ၊ သွားတိုက်ဆေး မှာ ပေးတယ်။ နောက်တော့ တပ်ရင်းမှူး ဖြစ်ပုံရတဲ့ ဒုရဲမှူး ကြီးအဆင့် ရှိသူရောက်လာတယ်။ ကျွန်တော် တို့ သုံးယောက် အတွက် ရေပုံး၊ ရေခွက်၊ ထမင်းစားပန်းကန်၊ ဟင်းဇလုံ၊ ဇွန်းစတာတွေ တစ်စုံစီ ပေးတယ်။ ဒုရဲမှူး ကြီး ကတော့ ကျွန်တော် တို့ဟာ ဘယ်သူဘယ်ဝါတွေ ဖြစ်တယ်၊ ဘာကြောင့်

ဖမ်းလာတယ်၊ ဒီမှာ ဘယ်လောက်ကြာအောင် ထားရမယ်ဆိုတာတွေ ကို သူမသိကြောင်း၊ လိုအပ်တာတွေ ကိုတော့ သူအတတ်နိုင်ဆုံး ကူညီဖြည့်ဆည်းပေးမှာ ဖြစ်ကြောင်း ပြောပါတယ်။

ကျွန်တော့် ရဲ့ ဘယ်ဘက်အခန်းမှာ က ကိုဉာဏ်လင်း၊ ကိုဉာဏ်လင်းနဲ့ ဘယ်ဘက် ပေ၅၀ အကွာလောက်မှာ က ကိုမြအေးရဲ့ အိမ်။ တစ်ယောက် နဲ့ တစ်ယောက် တော့ လှမ်းမြင်နေရပြီး စကားလည်း လှမ်းပြောလို့ရပါတယ်။ အိမ်တွေ ရဲ့ ရှေ့နောက် ဝဲယာ အားလုံးမှာ ချုံတွေ ၊ မြက်တွေ နဲ့သစ်ပင်ကြီးတွေ ၊ နွယ်ပင်တွေ ပိတ်ဖုံးနေတယ်။ တကယ့်တောထဲ တောင်ထဲ ရောက်နေရသလိုပါပဲ။ရှေ့နားက ချုံတွေ နည်းနည်း ရှင်းထားတဲ့ နေရာမှာ တော့ လက်နဲ့ လှမ်းခပ်ရုံနဲ့ မီတဲ့ အုတ်ရေတွင် းလေးရှိတယ်။ အိမ်တွေ ကတော့ လူမနေဘဲ ပစ်ထားတာကြာပြီမို့ အတော် ဟောင်းနေ စုတ်နေပါပြီ။ အုတ်တွေ ကွန်ကရစ်တွေ က အသစ်လိုပဲ ရှိနေပေမယ့် သစ်သားတွေ အားလုံးက ခြစားပြီး ဆွေးနေပြီ။ နောက်ဖေး မီးဖိုချောင်ရော၊ ရေချိုး ခန်းနဲ့ အိမ်သာကရော ဘာမှ အသုံးမဝင်တော့ပါဘူး။ အိမ်သာ တက်ချင်ရင် ကိုမြအေးအိမ်နဲ့ ကျွန်တော် တို့ အိမ်ကြားက လမ်းလေးအတိုင်းသွားရတဲ့ အနောက်ဘက်ခပ်လှမ်းလှမ်းက သစ်သားအိမ်သာ အဟောင်းလေးကိုပဲ သုံးရပါတယ်။

ဝယ်ခိုင်းတဲ့ ပစ္စည်းတွေ ရောက်လာတော့ ကိုမြအေးက ကျွန်တော် တို့ဆီ ကော်ဖီမစ်တစ်ခွက်ဆီ လှမ်းပို့တယ်။ ကော်ဖီမစ် မသောက်ခင် အရှေ့က ရေတွင် းလေးမှာ တစ်လှည့်စီ ရေချိုး ကြပါသေးတယ်။ ရေက နည်းနည်း နောက်နေတော့ သောက်ရေအ ဖြစ်တော့ မရဘူး။ သောက်ရေကိုတော့ တပ်ရင်းရုံးဘက်ကနေ လာပို့တယ်။ နေ့ခင်း ၁၁ နာရီလောက်မှာ ထမင်းလာပို့တယ်။ ဒယ်အိုးဖုံးအကြီးကြီးတစ်ခု ပေါ်မှာ အစုံတင်လာတယ်။ ထမင်း၊ ပဲဟင်းရည်၊ ငါးကြော်၊ ငါးပိရည်၊ တို့စရာပါ တယ်။ ကိုဉာဏ်လင်း အခန်းဘက်ကို ကူးပြီး နှစ် ယောက် အတူ စားကြတယ်။

ညနေဘက်ကျတော့ ကျွန်တော့် ညာဖက်မှာ ရှိနေတဲ့ တတိယမြောက်အိမ်ကို သန့်ရှင်းရေး လာလုပ်ကြတယ်။ ရှေ့ကွက်လပ်က မြက်တွေ ၊ ချုံတွေ ၊ နွယ်ပင်တွေ ကို ရှင်း၊ မီးကြိုး သွယ်၊ ပျက်စီးနေတဲ့ ပြတင်းတံခါးနေရာမှာ သွပ်ပြားနဲ့ အသေပိတ်။ အရေး ပေါ်

အမြန်ရှင်းလင်းနေကြတဲ့ ပုံစံပါ။ ကျွန်တော့် အထင် ကိုငွေးကြွယ်ကို မိလာပြီမို့ အဲဒီ မှာ ထားမယ်ထင်တာပဲ။ ဒါမှ မဟုတ်လည်း နောက်ထပ် တစ်ယောက် ယောက် ပေါ့။ ညနေစောင်းကျတော့ ၆၅ နှစ် ယောက် ရောက်လာပြီး ကျွန်တော် တို့ကို တစ်ယောက် ချင်းစီ ဓာတ်ပုံရိုက်၊ ကိုယ်ရေး အကျဉ်းယူ စတာတွေ လုပ်တယ်။ ဘာဆက်လုပ် ကြမှာ လဲမေးတော့ သူတို့ ဘာမှ မပြောဘူး။

ကျွန်တော် လည်း ဝါးကြောဖျာကို အပြင်ကနေ အိပ်ခန်းကျဉ်းလေးထဲ ရွှေ့ထားတယ်။နေ့လယ် ရေချိုး ကတည်းက အိပ်ခန်းကို သန့်ရှင်းရေး လုပ်ထားတာ။ နံရံဘက်ကိုတော့ ကပ်လို့မရဘူး။ပုရွက်ဆိတ်တွေ အရမ်းများ တယ်။ ညမိုးချုပ်စ မှော င်လာချိန်အထိ မီးမလာသေးလို့ ဝယ်ထားတဲ့ ဖယောင်းတိုင်တွေ ထွန်းပြီး အိပ်ရာပြင်တယ်။ တပ်ရင်းရုံးကနေ စောင်အဟောင်း နှစ် ထည်ပေးတယ်။ညနေစာ စာပြီးတော့ ကိုမြအေးက ကော်ဖီမစ်တစ်ခွက်စီ ထပ်ပို့ပေးတယ်။ အိပ်ရာပေါ်မှာ ပဲ ဖယောင်းတိုင် မီးနဲ့ စာဖတ်၊ စာရေး ၊ ကော်ဖီမစ်သောက်။ ဗိုမ်တော့ ဗိုမ်ပါပဲ။ အနားရတာ ပေါ့။ ဒါပေမဲ့ နေ့စဉ်နဲ့အမျှ ဒီလိုပဲ ဖြတ်သန်းရတော့မှာ မို့ ကိုယ့်ကိုယ်ကိုယ် စနစ်ဇယားချဖို့လည်း ကြိုး စားရဦးမယ်။ မနက်ဖြန်ကစပြီး ကိုယ်လက်လှုပ်ရှားမှု လုပ်ရမယ်။ စာဖတ်ဖို့ စာအုပ်တွေ ရှာခိုင်းရမယ်။ စာရေး နိုင်ဖို့လည်းကြိုး စားရမယ်။

ဒါပေမဲ့ ည ၈ နာရီလောက်မှာ ပဲ ကျွန်တော် တို့ကို လာခေါ်တယ်။ ရေး ကြီးသုတ်ပျာနဲ့ပါ။ ပစ္စည်းတွေ သိမ်းရပြန်ပါတယ်။ အံ့လည်း အံ့သြသွားတယ်။ ဒီနေရာမှာ လနဲ့ချီပြီး ကြာကြာမနေရရင်တောင် ရက်အတော် ကြာကြာတော့ နေရလိမ့်ဦးမယ်ထင်ထားတာပါ။ အခုတော့ တစ်ညအိပ်ပဲရှိသေးတယ် ရွှေ့ရပြီ။ မနေ့ညက အလာတုန်းကလိုပါပဲ။ အမှော င်ထဲမှာ စမ်းတဝါးဝါးနဲ့ မြက်ခင်းပြင်ရွှံ့ရေစပ်ထဲ လျှောက်ရပြန်တယ်။ မနေ့ညက ကားရပ်တဲ့နေရာမှာ ပဲ ကားတစ်စီးရပ်ထားတာ တွေ့ရတယ်။ မနေ့ညက Surf ကားတော့ မဟုတ်ဘူး။ ရဲကားတော့ ရဲကားပဲ။ ခပ်ဟောင်းဟောင်း ရဲကား တစ်စီးပေါ့။ ကားနားကို ရောက်တာနဲ့ ကျွန်တော် တို့ကို လက်ထိပ်ခတ်ပါတယ်။ ‘လိုအပ်လို့လားဗျာ၊ မနေ့ကတောင် မခတ်ဘဲနဲ့’ ဆိုတော့ ရဲအရာရှိ တစ်ယောက် က

'အထက်က ဒီအတိုင်းမှာ ထားလို့ပါဗျာ'လို့ပြောတယ်။ ကိုမြအေး လက်ထိပ်ကို ခတ်တာ အတော် ကျပ်သွားလို့ ပြန်ဖြုတ်ပြီး ခတ်ခိုင်းတော့ သော့မရှိဘူးတဲ့။ ကိုမြအေး အလယ်မှာ ထားပြီး လက်ထိပ်နှစ် စုံနဲ့ သုံးယောက် တွဲ ခတ်တာပါ။ ကိုမြအေးက လက်နှစ် ဖက်စလုံး အခတ်ခံထားရတာ ပေါ့။ ပြီးတော့ ထိုင်ခုံမရှိတဲ့ ကားနောက်ခန်းမှာ ကားခေါင်းခန်းကို ကျောပေးပြီး ထိုင်ရပါတယ်။ ခေါင်းခန်းက ရဲအရာရှိက ဆက်သွယ်ရေး စက်နဲ့ ပြောဆို ညွှန်ကြားချက်တွေ ယူပြီးမှ ကားစထွက်တယ်။



(၂၀၀၆)ဝါရင့်နိုင်ငံရေးသမားကြီးများ ဦးစီးကျင်းပသည့် နိုင်ငံရေးအခမ်းအနားတစ်ခုသို့ တက်ရောက်ကြသည့် ၈၈ မျိုးဆက်ကျောင်းသားများ

အင်းစိန် သီးသန့်ထောင်သို့

ရဲတပ်ရင်း ဂဝံလမ်းကနေအထွက် ပြည်လမ်းမကြီးပေါ်ရောက်တော့ နောက်ထပ် ရဲကားတစ်စီးနဲ့ ဆုံပါတယ်။ ရဲတပ်ရင်း (၅) ကနေ ထွက်လာတဲ့ ကားပဲ ဖြစ်မှာ ပါ။ ကျွန်တော် တို့အားလုံးကိုရဲတပ်ရင်းတွေ မှာ ဖြန့်ခွဲထားပြီး အခု ပြန်စုတာပေါ့။ မနေ့ညက လာလမ်းအတိုင်း ပြန်မောင်းလာကြပြီးအင်းစိန်သီးသန့်ထောင်ရှေ့ကို ကားတွေ အားလုံး ပြိုင်တူလိုလို ရောက်ကြပါတယ်။ ကားတွေ ပေါ်ကနေတစ်စုချင်း ဆင်းကြရပြီး

သီးသန့်ထောင်ဘူးရုံးခန်းထဲမှာ ကျွန်တော် တို့အားလုံး ပြန်ဆုံကြရပါတယ် ။ဒီတော့မှပဲ ဘယ်သူတွေ အဖမ်းခံရတယ်၊ ဘယ်သူတွေ လွတ်တယ်ဆိုတာ သိကြရတော့တယ်။

အထက်အမိန့်အရ စာရင်းနဲ့ အဖမ်းခံကြရတဲ့သူတွေ က မင်းကိုနိုင်၊ ကိုကိုကြီး၊ မင်းဇေယျ၊ ကိုမြအေး၊ ကိုပြုံးချို၊ ကိုဂျင်မီ၊ ကိုဇေယျ၊ ကိုမာကီ၊ ကိုအုံ့ဘွယ်ကျော်၊ ကိုသက်ဇော်၊ ကိုပဏ္ဍိတ်ထွန်း၊ ကိုဉာဏ်လင်း၊ ကိုဇော်ဇော်မင်း အားလုံး ၁၃ ယောက် ။ ကိုငွေကြွယ်က လွတ်နေသေးတယ်။ ဖမ်းရမယ့် လူစာရင်းမှာ မပါဘဲ တစ်အိမ်တည်းမှာ အတူတွေ ့လို့ လမ်းကြုံအဖမ်းခံကြရတဲ့သူတွေ က K3 အိမ်မှာ တွေ ့တဲ့ ကိုဘောင်းဘောင်း၊ ကိုဇေယျအိမ်မှာ တွေ ့တဲ့ ကိုဆန်နီနဲ့ ကိုယဉ်ထွန်း၊ စမ်းချောင်းက သမ္မတသက်န်းတိုက်ဆိုင်မှာ ကိုပဏ္ဍိထွန်းနဲ့အတူတွေ ့တဲ့ ကိုထွန်းထွန်းဝင်း၊ ၄ယောက် ။ စုစုပေါင်း ၁၇ ယောက် ။

သီးသန့်ထောင်ဘူးရုံးကိုရောက်တော့ ည ၉ နာရီကျော်ပါပြီ။ ကျွန်တော် တို့ပါလာတဲ့ ပစ္စည်းတွေ ထဲက အဝတ်အစား၊ အသုံးအဆောင်တွေ ကလွဲပြီး ကျောပိုးအိတ်တွေ ၊ စာအုပ်စာတမ်း စာရေး ကိရိယာတွေ ၊ ပိုက်ဆံတွေ ၊ နာရီတွေ ၊ လက်စွပ်တွေ အားလုံးကို စာရင်းနဲ့ သိမ်းပါတယ်။ ကိုမြအေးက စိန်လက်စွပ် ပါလာတာမို့ အသေအချာပြောပြပြီး အပ်ရပါတယ်။ ကိုဆန်နီကလည်း သူ့အလုပ်ကိစ္စ ဘောက်ချာတွေ စာရင်းဇယားတွေ ကို ထောင်မှာ မအပ်ဘဲ SB ကတစ်ဆင့် လူကြုံပြန်ပေးခိုင်းပါတယ်။ ကိုယဉ်ထွန်းကလည်း သူ့ hp ကို ထောင်မှာ မအပ်ဘဲ SB ကတစ်ဆင့် လူကြုံ ပြန်ပေးခိုင်းပါတယ်။ ကိုပေါ် ကတော့ အဝတ်အထည် ကိုယ်တစ်ခုနဲ့ ထလိုက်လာတာမို့ ဘာမှ အပိုမပါလာဘူး။ကိုဉာဏ်လင်းက အင်္ကျီအပိုတစ်ထည် ကိုပေါ့်ကိုပေးတယ်။ ကျွန်တော် လည်း ပုဆိုးအပိုတစ်ထည်နဲ့သွားပွတ်တံအသစ်တစ်ချောင်း ပေးလိုက် တယ်။

ပစ္စည်းစာရင်းယူ၊ လူစာရင်းယူလို့ အားလုံးပြီးပြီးဆိုမှ ကျွန်တော် တို့ကို တစ်ယောက် ချင်းခေါ် သွားပါတယ်။ သီးသန့်ဆောင် အိပ်ဆောင် ၁ နဲ့ အိပ်ဆောင် ၂ အောက်ထပ် အရှေ့ခြမ်းမှာ ရှိတဲ့ တိုက်ခန်းတွေ ထဲမှာ တစ်ယောက် တစ်ခန်းထားပါတယ်။ ကျွန်တော် က အဆောင် ၂ အောက်က အခန်း၁၀။ ကျွန်တော့် ညာဘက်ဘေးက နံပါတ် ၉ အခန်းမှာ က ကိုဇော်ဇော်မင်း။ ဘယ်ဘက်ဘေးက ၁၁ ခန်းမှာ က ပန်ပန်။ ပန်ပန့်ဘေးက ၁၂

ခန်းမှာ က K3 ။ ကျန်တဲ့အခန်းတွေ မှာ တော့ ဘယ်သူတွေ လဲဆိုတာမသိသေးဘူး။ အခန်းထဲရောက်တော့ ဝွမ်းစောင်ပါးလေး နှစ် ထည် လာပေးတယ်။ ကွပ်ပျစ်ပေါ်မှာ တစ်ထည်ကိုခင်း၊ တစ်ထည်ကို ခေါင်းအုံး။ ခြင်တွေ က အရမ်းကိုက်တယ်။ နေရာ ရုတ်တရက်ပြောင်းတော့ အတော် နဲ့ အိပ်မပျော်ပြန်ဘူး။ မိုးလင်းခါနီး ကျမှပဲ မှေးခနဲ အိပ်ပျော်သွားတော့တယ်။